ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (11-6-2012) (၇၁၄၈)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိမိတို့မျှော်မှန်းတည်ဆောက်နေကြသည့် ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ပတ်ဝန်းကျင်ကောင်းရှိမှသာ ဖော်ဆောင်အောင်မြင်နိုင်မှာဖြစ်

ပြည်သူများအပိုင်းက အသိတရားနှင့်ယှဉ်ပြီး ဥပဒေများကို လေးစားလိုက်နာကြဖို့ လိုအပ်

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ်အတွင်းရှိဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်ကို ယနေ့ည ၈ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အသံလွှင့်ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ်အတွင်းရှိ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်ကို ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏
ရခိုင်ပြည်နယ်အတွင်းရှိ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍
မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-

မိဘပြည်သူများနဲ့ ညီအစ်ကိုမောင်နှမအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မိဘပြည်သူများသိရှိပြီးဖြစ်တဲ့အတိုင်း ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်က ဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ်၊ ကျောက်နီမော်ဖြစ်စဉ်ကိုအခြေခံပြီး ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားလာပါတယ်။ ဒါ့ကြောင့် ဒီအခြေအနေဟာ ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအပါအဝင် ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံးနဲ့သတိပြုပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမယ့် အနေအထားရောက်ရှိလာတာကို တွေ့ရပါတယ်။

မိဘပြည်သူများခင်ဗျား-

ကျွန်တော်ဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးတာဝန်များကို တာဝန်ယူခဲ့ချိန်မှစတင်ပြီး မိဘပြည်သူများရဲ့ အဓိကလိုအင်ဆန္ဒ (၂)ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းအားဖြင့် ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး နိုင်ငံရေးနဲ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ပြည်သူလူထုကို အခြေပြုတဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို ဒုတိယအဆင့်တက်လှမ်းပြီးတော့ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရှေးအစဉ်အဆက်ကပင် ကွဲပြားတဲ့ ဘာသာရေး ကိုးကွယ်ယုံကြည်မှုတွေရှိခဲ့ပေမယ့်လည်း မြန်မာနိုင်ငံအတွင်း အချင်းချင်းအပြန်အလှန်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုများနဲ့ အတူတကွ ယှဉ်တွဲနေထိုင်လာခဲ့ကြတဲ့ အစဉ်အလာကောင်းတဲ့သမိုင်းကြောင်းရှိခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရလက်ထက်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် အစရှိတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခံစားရရှိနိုင်ကြစေရန်အတွက် ဥပဒေ၊ နည်းဥပဒေတွေကို ပြင်ဆင်ဖြည့်စွက် အသစ်ပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိဘပြည်သူများရဲ့အခက်အခဲများ၊ ပြဿနာများ၊ လိုလားချက်များကို အသင့်မြတ်ဆုံးနဲ့ အတတ်နိုင်ဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးဖို့ ကျွန်တော်တို့အစိုးရမှာ အပြည့်အဝတာဝန်ရှိတယ်လို့ ကျွန်တော်တို့ ခံယူထားပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့လည်း ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှု၊ အကြမ်းဖက်မှုများ ဖြစ်ပွားလာတဲ့အချိန်ကစပြီး ဖြစ်ပွားရာနေရာများမှာ ချက်ချင်းတည်ငြိမ်အေးချမ်းသွားအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အလားတူ အခြားဆက်စပ်ဖြစ်ပွားနိုင်ဖွယ်ရှိသော နေရာများတွင်လည်း ဆက်စပ်ဖြစ်ပွားလာခြင်းမရှိအောင်၊ ဖြစ်ခဲ့ပါကလည်း ဖြစ်စတွင်ပင် ငြိမ်းပြေအေးငြိမ်းသွားအောင် ကြိုတင်ပြင်ဆင်စီမံမှုအတိုင်း လက်တွေ့ဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်စဉ်များနဲ့ ဆောင်ရွက်မှုအခြေအနေများ၊ ထိခိုက်ဆုံးရှုံးမှုအခြေအနေများကိုလည်း မိဘပြည်သူများအား အချိန်နဲ့တစ်ပြေးညီ ချပြအသိပေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီဖြစ်စဉ်များ ဖြစ်ပွားစကပင် မိဘပြည်သူများထံ အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောကြားဖို့ စီစဉ်ခဲ့သော်လည်း အခြေအနေအရပ်ရပ် ကျယ်ပြန့်လာခြင်းမရှိနိုင်ဘူးလို့ ယူဆတဲ့အတွက်လည်းကောင်း၊ မိဘပြည်သူများ စိတ်သောက မဖြစ်စေလိုတဲ့အတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၂)ကို ၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်(ယနေ့)ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၂)အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၂)

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

အရေးပေါ်အခြေအနေ ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် အခြေအနေများဖြစ်ပေါ်မှုကြောင့် ပြည်သူများ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်မှစ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ သို့သော်လည်း ဆူပူအကြမ်းဖက်မှုများမှာ ပိုမိုများပြားကျယ်ပြန့်လာပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ရုံဖြင့် ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရသဖြင့် ပြည်သူများ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးကို အမြန်ဆုံးပြန်လည်ဖော်ဆောင်ပေးနိုင်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(က)အရ ရခိုင်ပြည်နယ်အတွင်း ယနေ့မှစ၍ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (က)အရ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏အကူအညီကို ရယူဆောင်ရွက်ရမည်။

၄။ ဤအမိန့်သည် ယနေ့မှစ၍ နောက်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်မှုမရှိမချင်း အတည်ဖြစ်သည်။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်ရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကြေးမုံ စာတည်းရှုထောင့်

၁၁-၆-၂၀၁၂[တနင်္လာနေ့]။

ပတ်ဝန်းကျင်ကို အလေးထားဖို့လိုပြီ

ကျွန်ုပ်တို့နေထိုင်သောဝန်းကျင် သာယာလှပအေးမြနေပါမှ ကျွန်ုပ်တို့အားလုံး စိတ်ချမ်းမြေ့မည်ဖြစ်ပါသည်။ သို့ဖြင့် ကျွန်ုပ်တို့ဝန်းကျင်ကို ကျွန်ုပ်တို့သာ ဖန်တီးထိန်းသိမ်းစောင့်ရှောက်ရန် လိုမည်ဖြစ်ပါသည်။ သဘာဝဝန်းကျင်သည် မူလကတည်းက သူ့သဘာဝအတိုင်း တည်ရှိနေသည်သာဖြစ်သည်။ ထိုဝန်းကျင်ကို လူတို့ကသာ ပြုပြင်ဖန်တီးခဲ့၍ ပတ်ဝန်းကျင်ပြောင်းလဲသွားခဲ့ခြင်းဖြစ်ပါသည်။

ပြောင်းလဲသွားသောဝန်းကျင်သည် ကျွန်ုပ်တို့အား ပူနွေးမှုကို တစ်စတစ်စ ဖြစ်ပေါ်လာစေပါသည်။ တစ်နေ့တခြားတိုးပွားလာသော ကမ္ဘာ့လူဦးရေသည် သန်းခုနစ်ထောင်ခန့်ရှိသည်ဟု ဆိုထားပါသည်။ ထိုလူဦးရေ၏ ထက်ဝက်ကျော်သည် မြို့ကြီးများတွင် နေထိုင်ကြပါသည်။ တည်ရှိပြီးမြို့ကြီးများတွင် အဆင့်မြင့်အဆောက်အအုံများ တည်ဆောက်နေထိုင်ကြသကဲ့သို့ မြို့သစ်များလည်း တိုးပွားလာပါသည်။ မြို့ပြလူနေမှု တိုးပွားလာမှုနှင့်အတူ စားနပ်ရိက္ခာသုံးစွဲမှု၊ ရေနှင့် စွမ်းအင်လိုအပ်မှုတို့မှာလည်း မြင့်မားလာပါသည်။

တစ်ဖန် အလုပ်အကိုင်အသစ်များ နေရာချဲ့ထွင်ဖန်တီးမှု၊ စီးပွားရေးနှင့်လူနေမှုအတွက် ယာဉ်သုံးစွဲမှုနှင့် သစ်ဝါးခုတ်ထွင်မှုတို့သည် နှစ်စဉ်တိုးတက်လာပါသည်။ ယင်းဖြစ်စဉ်များသည် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များအပေါ် ကြီးမားသည့်ဖိအားများ၊ ထိခိုက်မှုများ များစွာဖြစ်ပေါ်လာပါသည်။ လူတို့အတွက် လိုအပ်ချက်များသည် မဖြစ်မနေလုပ်ဆောင်ရမည့်အမှုများမှန်သော်လည်း ယခုအခါ အဆိုပါသဘာဝပတ်ဝန်းကျင်တို့သည် လူတို့၏နေထိုင်မှုဘဝအတွက် တုံ့ပြန်မှုများရှိလာပါသည်။

လူတို့က ပတ်ဝန်းကျင်ကိုဂရုမပြုမိ၍ ပတ်ဝန်းကျင်၏ တုံ့ပြန်ရိုက်ခတ်မှုကို ခံရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ပတ်ဝန်းကျင်ကို ဂရုပြုဖို့ ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးဖို့ လိုအပ်လာပြီဖြစ်ပါသည်။ မူလကလူတို့၏လိုအင်ကိုသာ အဓိကအားပြုလုပ်ကိုင်ခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ကို မေ့လျော့ထားခဲ့ကြပါသည်။ ယင်းသို့ဖြင့် ဆက်လက်ပြုမူနေလျှင် တစ်နေ့တခြား လူတို့အတွက် ဆိုးကျိုးများ များသထက်များလာမည်သာဖြစ်သည်။

ပတ်ဝန်းကျင်ကို ထိခိုက်စေမှုများတွင် သယံဇာတများကို ထုတ်ယူသုံးစွဲမှုများနေခြင်းနှင့် စွမ်းအင်များထုတ်နုတ်သုံးစွဲမှုများနေခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် စီးပွားရေးနှင့်စက်မှုစွမ်းအင်သုံးစွဲမှုတို့ကို လျှော့ချကြရမည်ဖြစ်သည်။ မဖြစ်မနေသုံးစွဲမှုအဆင့်ထားကာ သုံးစွဲကြရမည်။ လူတစ်ဦးချင်းစီ၏ လိုအင်နှင့် ဆင်ခြင်မှုတို့ကို ယှဉ်တွဲထားကြရမည်။

ပညာရှင်များ၏ အကြံပြုချက်များဖြစ်သည့် ရုပ်ကြွင်းလောင်စာများအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို အသုံးပြုရန်၊ လောင်စာကုန်ကျမှုသက်သာသော စွမ်းအားမြင့်မီးဖိုများအသုံးပြုရန်၊ စွမ်းရည်မြင့်သော လျှပ်စစ်ပစ္စည်းများကိုသာသုံးရန်၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချရန်၊ ကိုယ်ပိုင်ယာဉ်အသုံးပြုခြင်းထက် အများသုံးယာဉ်ရထားများကို သုံးရန်၊ တိရစ္ဆာန်စွန့်ပစ်ဇီဝဓာတ်ငွေ့ထုတ်လုပ်အသုံးချရန်၊ စပါးခင်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျော့နည်းစေရန်၊ မြေဩဇာတွင် နိုက်ထရပ်အောက်ဆိုဒ်နည်းအောင်ပြုပြင်ပေးရန်၊ စားမြုံ့ပြန်တတ်သော မွေးမြူရေးအစားအစာတို့ကို ပြုပြင်ပေးရန်၊ အဆောက်အအုံအမိုးတို့ကို အဖြူရောင်သုတ်ရန်နှင့် နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်တို့ကိုဖော်ထုတ်အသုံးပြုရန်တို့ကို အလေးထားဆောင်ရွက်ကြရန်ဖြစ်သည်။

သင်သည် ကမ္ဘာပေါ်ရှိလူသားထဲမှ လူသားတစ်ယောက်အနေဖြင့် သဘာဝပတ်ဝန်းကျင်ကြီးကို ထိန်းသိမ်းရန်အလို့ငှာ အဆိုပါအချက်များအနက်မှ တစ်ချက်ကို လုပ်ဆောင်နိုင်ပါမည်လားဟု မေးခွန်းထုတ်ကြည့်သင့်ပါသည်။ ထိုအထဲမှ လူအများနှင့်လည်းဆိုင်၊ မသုံးမဖြစ်သုံးနေရသည့်သန်းပေါင်းများစွာသော ကိုယ်ပိုင်ယာဉ်စီးနင်းနေသူအပေါင်းတို့သည် ကိုယ်ပိုင်ယာဉ်များကို မဖြစ်မနေသာစီးနင်း၍ အများပြည်သူသုံးယာဉ်ကို သုံးစွဲနိုင်ပါမည်လား။ အကယ်၍ သင်သည် ထိုအချက်တစ်ချက်ကို လိုက်နာနိုင်မည်ဆိုလျှင် သင်၏ပတ်ဝန်းကျင်သည် အတိုင်းအတာတစ်ခုအထိ အေးမြလာမည်ဖြစ်ပါသည်။ ။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ လှည့်လည်စစ်ဆေး

နေပြည်တော် ဇွန် ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယမန်နေ့တွင် ပြင်ဦးလွင်မြို့နယ် ပြင်စာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ အဆိုပါကျောင်း၌ အလှူရှင် ဦးမောင်မောင်မိသားစုက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ဆင်ခေါင်းကြီးကျေးရွာအုပ်စု အောင်မင်္ဂလာ ကွက်သစ် (ကချင်စုကျေးရွာ) အမှတ်(၂၂)အခြေခံပညာမူလတန်းကျောင်း၊ ကျွန်းတိုင် အခြေခံပညာမူလတန်းကျောင်း၊ ပဒေသာမြို့သစ်ရှိ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းနှင့် ဆေးတစ်လုံးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ ရောက်ရှိပြီး ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ ဆရာ ဆရာမများအား ဆရာ့ကျင့်ဝတ်၊ ဆရာ့သိက္ခာနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ရန်၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အဂတိကင်းရှင်းစွာဖြင့် စေတနာမေတ္တာ ထားပြီး ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်လတ်က "ပညာရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်း" (Professional Ethics) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲသင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း - ၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၆-၂၀၁၂ (တနင်္လာနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၁၅ စိုက်ပျိုးသုတ
၄း၄၅ လျှပ်တစ်ပြက်
၅း၂၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ဟာသလွင်ပြင်ဒုတိယတွဲ
(အပိုင်း-၇)
၆း၂၀ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ကွန်ဖူးဘုရင်ဘရုစ်လီ
(အပိုင်း-၄၅)
(ဇာတ်သိမ်းပိုင်း)
-နိုင်ငံတကာသတင်း
-မေးမြန်းစူးစမ်း
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"အရိုက်အရာ"
(အပိုင်း-၂၂)
Mini Series

လက်ဆောင်ပေး ချက်လက်မှတ်အစီအစဉ် စတင်

ရန်ကုန် ဇွန် ၁၀

ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော ကမ္ဘောဇဘဏ်မှ ဇွန် ၁ ရက်မှစတင်ကာ လက်ဆောင်ပေးချက်လက်မှတ်အစီအစဉ် စတင်လိုက်ပြီဖြစ်ကြောင်း ကမ္ဘောဇဘဏ်ရုံးချုပ်မှ သိရသည်။

ယင်းအစီအစဉ်တွင် မွေးနေ့အတွက် မွေးနေ့လက်ဆောင် ချက်လက်မှတ်၊ မင်္ဂလာဆောင်အတွက် မင်္ဂလာဆောင် ချက်လက်မှတ်နှင့် အခြားလက်ဆောင် ချက်လက်မှတ်ဟူ၍ သုံးမျိုးခွဲခြားကာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ဝန်ဆောင်ခအနေဖြင့် ကျပ် ၅၀၀ သာဖြစ်ကြောင်း သိရသည်။ အဆိုပါ ချက်လက်မှတ်အစီအစဉ်တွင် ငွေကျပ် ၅၀၀၀ မှ ကျပ်သိန်း ၅၀ အထိ ထားရှိနိုင်ပြီး သက်တမ်းခြောက်လအတွင်း ငွေသားထုတ်ယူနိုင်သည်ဟု သိရသည်။ ချက်လက်မှတ်ဖြင့် မည်သည့်ကမ္ဘောဇဘဏ်တွင်မဆို ငွေထုတ်ယူနိုင်ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် အွန်လိုင်းခပေးရန်မလိုဘဲ ထုတ်ယူနိုင်မည်ဖြစ်သည်။ ကျန်မြို့များရှိ ဘဏ်များတွင်မူ ပြည်တွင်းငွေလွှဲပို့ခအတိုင်း ဝန်ဆောင်ခပေး၍ ထုတ်ယူနိုင်ကြောင်းသိရသည်။

"၅၀၀၀ ကနေ သိန်း ၅၀ အထိ ကိုယ်တတ်နိုင်တဲ့ငွေပမာဏကို ကိုယ့်ဆွေမျိုးသားချင်း အသိမိတ်ဆွေတွေကို ချက်လက်မှတ်လက်ဆောင်ပေးနိုင်ပါတယ်။ မွေးနေ့၊ မင်္ဂလာဆောင်ဆိုရင် ပေးချင်တဲ့သူရဲ့အမည်ကို ဘဏ်ကနေ ထည့်သွင်းပြီး ဆောင်ရွက်ပေးပါတယ်။ အခြားလက်ဆောင်ချက်လက်မှတ်ကိုတော့ ကိုယ်ကြိုက်နှစ်သက်သလိုရေးနိုင်အောင် စီစဉ်ပေးထားပါတယ်။ မင်္ဂလာဆောင်လက်ဖွဲ့တွေကို ငွေသားတွေ၊ ပစ္စည်းလက်ဆောင်တွေပေးတာအပြင် အခုလို ချက်လက်မှတ်ပေးတာလည်း အဆင်ပြေစေပါတယ်"ဟု ကမ္ဘောဇဘဏ်ရုံးချုပ်မှ ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

အဆိုပါ အစီအစဉ်အတွက် နိုင်ငံသားမှတ်ပုံတင်သာလိုအပ်ပြီး ချက်လက်မှတ်ပျောက်သွားပါကလည်း ဝန်ဆောင်ခ ကျပ် ၅၀၀ ဖြင့် ဆောင်ရွက်ပေးကြောင်း သိရသည်။ ကမ္ဘောဇဘဏ်သည် လက်ရှိတွင် ဘဏ်ခွဲပေါင်း ၆၅ ဘဏ်ဖွင့်လှစ်ထားကြောင်း သိရသည်။

(ဆုနှင်းလဲ့)

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သာဂရကျေးရွာ မြောက်ဘက်အထွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၌ ဇွန် ၈ ရက် ည ၁၀ နာရီတွင် ကုန်တင်ယာဉ်တစ်စီး မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းဘေးသို့ထိုးကျပြီး ယာဉ်၏ရှေ့ဘီးပြုတ်ထွက်မှုကို တွေ့ရစဉ်။ (မောင်မောင်ငြိမ်းချမ်း၊နပတ)

ကုန်စည်သယ်ယူပေးသည့် လှည်းသမားများ မိုးရာသီ၌ ဝင်ငွေကောင်းလျက်ရှိ

ရေတာရှည် ဇွန် ၁၀

မိုးရာသီကာလတွင် လမ်းပန်းဆက်သွယ်မှု ဆိုးရွားလာသည့်အခါ ဒေသတွင်းကုန်စည်နှင့် ဆန်စပါးသယ်ယူရေး အစရှိသည့်လုပ်ငန်းများမှာ နွားလှည်းများဖြင့် သယ်ယူပို့ဆောင်ရေးကို အဓိကအားထားလာကြသည်ကို တွေ့ရသည်။

(ယာပုံ) ကျေးလက်ဒေသများမှ ထွက်ရှိသည့် ဆန်၊ စပါး၊ သရက်၊ ငရုတ်၊ ကြက်သွန်များကို ဈေးကွက်များသို့ တင်ပို့ရာတွင် လည်းကောင်း၊ နေ့စဉ်စားသုံးကုန်အတွက် မြို့မှဝယ်ယူ၍ သယ်ယူရာတွင်လည်းကောင်း နွားလှည်းများကို အခကြေးငွေဖြင့် ငှားရမ်းအသုံးပြုသည့်အတွက် လှည်းအငှားလိုက်သူများ အဆင်ပြေလျက်ရှိသည်ဟု သိရသည်။ " မိုးတွေက နေ့တိုင်းလိုလိုရွာနေတော့ လမ်းတွေဆိုးကုန်ပြီ၊ ဆိုင်ကယ်နဲ့လည်းသွားရတာ အဆင်မပြေဘူး၊ လှည်းကျတော့ တစ်ခေါက်ကို ငါးထောင်၊ ခြောက်ထောင်ပေးလိုက်ရင် ပစ္စည်းအများကြီး တင်လို့ရတယ်" ဟု ဒေသခံတစ်ဦးက ရှင်းပြသည်။

ကျေးလက်ဒေသရှိ တောင်သူများသည် မိုးရာသီလုပ်ငန်းခွင်မဝင်ရောက်မီ လှည်းအငှားလိုက်ခြင်းဖြင့် နေ့စဉ်ပုံမှန် ဝင်ငွေရရှိပြီး မီးဖိုချောင်ကုန်ကျစရိတ်နှင့် အခြားသော လူမှုရေးလုပ်ငန်း ကုန်ကျစရိတ်များကို ကာမိသည်ဟု သိရသည်။

ကိုလွင်(ဆွာ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀ - ၆ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၄၁. ၀၀၀	၀. ၀၀၁၁၉
ထိုင်း (ဘတ်)	၃၁. ၆၁၆၀	၀. ၀၃၁၆၃
တရုတ် (ယွမ်)	၆. ၃၇၁၀၀	၀. ၁၅၆၉၆
အိန္ဒိယ(ရူပီး)	၅၅. ၄၄၈၈	၀. ၀၁၈၀၃
မလေးရှား (ရင်းဂစ်)	၃. ၁၉၁၃၀	၀. ၃၁၃၃၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၃၁၀	၀. ၇၇၉၃၆
ဂျပန် (ယန်း)	၇၉. ၄၉၀၀	၀. ၀၁၂၅၈
တောင်ကိုရီးယား(ဝမ်)	၁၁၇၅. ၃၀	၀. ၀၀၀၈၅
ယူရို	၀. ၇၉၈၈၅	၁. ၂၅၁၈၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၆၂၇	၁. ၅၄၇၃၅

အင်တာနက်။

☆ **ရှေ့ဖုံးမှ**

လည်းကောင်း ယခင်က ရှင်းလင်းပြောကြားမှု မပြုခဲ့ခြင်းဖြစ်ပါတယ်။

သို့သော်လည်း ဇွန်လ ၉ ရက်နေ့ညက စစ်တွေမြို့မှာ အကြမ်းဖက်ဆောင်ရွက်မှုများ၊ အကြမ်းဖက်ရန် ပြင်ဆင်ကြိုးပမ်းမှုများ ထပ်မံဖြစ်ပေါ်ခဲ့တဲ့အတွက် ဥပဒေနဲ့အညီ ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်ခဲ့ရပြန်ပါတယ်။ ဒီအခြေအနေများအရ မိဘပြည်သူများကပါ သိရှိပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်လာပြီလို့ ယူဆတဲ့အတွက် ယနေ့ မိဘပြည်သူများကို ယခုလို ရှင်းလင်းပြောကြားခြင်းဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား-

လက်ရှိ ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ဖြစ်စဉ်များဟာ ဘာသာရေးနဲ့ လူမျိုးရေးကိုအခြေခံပြီး မကျေနပ်မှု၊ မုန်းတီးမှု၊ လက်စားချေလိုမှုတွေကို ရှေ့တန်းတင်လုံ့ဆော်ဆောင်ရွက်မှုများကြောင့် မငြိမ်မသက်စရိုက်လုပ်ရပ်များ ကျယ်ပြန့်ကြီးမားလာတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီလို လူမျိုးစွဲ ဘာသာစွဲတွေကို ရှေ့တန်းတင်ပြီး မဆုံးနိုင်တဲ့ မုန်းတီးမှုတွေ လက်စားချေလိုမှုတွေနဲ့ မငြိမ်မသက်စရိုက်တွေကို ရှေ့တန်းတင်လျက် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အကြမ်းဖက်သတ်ဖြတ်နေကြမယ်ဆိုရင် ရခိုင်ပြည်နယ်တွင်သာမက ပိုမိုကျယ်ပြန့်ဖြစ်ပွားလာစေနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ အခြားသော အမှောင့်ပယောဂများလည်း ပါဝင်ပူးကပ်လာနိုင်ပါတယ်။ ဒီလိုသာဖြစ်လာခဲ့ရင် အသွင်ကူးပြောင်းစသာရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် ပြင်းပြင်းထန်ထန် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်လာစေနိုင်တာကို မိဘပြည်သူများအားလုံး အထူးသတိထားကြစေချင်ပါတယ်။

ကျွန်တော်တို့အစိုးရအနေဖြင့် ဖြစ်ခဲ့ပြီးတဲ့ ကိစ္စရပ်တွေအပေါ်မှာ ဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်သလို ဒီလိုဖြစ်စဉ်ဖြစ်ရပ်မျိုးတွေ နောက်ထပ်မဖြစ်ပွားရအောင်လည်း တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနဲ့အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားပါမယ်။ ဒီဖြစ်စဉ်များမှာ နစ်နာဆုံးရှုံးခဲ့ကြရတဲ့သူများအတွက်လည်း တရားမျှတမှုရှိအောင် အလေးထားဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အတွက် အားလုံးက သဘောထားကြီးကြီးထားပြီး အစစအရာရာ နားလည်ပေးကြဖို့ ပြောကြားလိုပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးမှုရရှိအောင်လည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ထို့အတူ ဘာသာရေးအဖွဲ့အစည်းများနဲ့ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစား အဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖ ပြည်သူများနဲ့လည်း ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့အားလုံး မျှော်မှန်းတည်ဆောက်နေကြတဲ့ ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များဟာ တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု ပတ်ဝန်းကျင်ကောင်းရှိမှသာ ဖော်ဆောင်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးရှိဖို့ဆိုတာဟာလည်း နိုင်ငံတော်အစိုးရအပေါ်မှာသာ တာဝန်ရှိတာမဟုတ်ပါဘူး၊ ပြည်သူများအပိုင်းကလည်း အသိတရားနဲ့ယှဉ်ပြီး ဥပဒေများကို လေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။ ထို့အတူ ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေးသမားများ၊ လူထုလူတန်းစားအဖွဲ့အစည်းများနဲ့ မီဒီယာများအားလုံးရဲ့ အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ပူးပေါင်းဆောင်ရွက်ကြဖို့လည်း အထူးလိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ဒါ့ကြောင့် မိဘပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်း အားလုံးတို့က လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများ တည်ငြိမ်အေးချမ်းသွားအောင်၊ ပိုမိုကျယ်ပြန့်ဖြစ်ပွားလာခြင်းမရှိအောင် သတိတရားကို အခြေခံ၊ အသိတရားနဲ့ မေတ္တာတရားကို ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနဲ့ အတူ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းဖော်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများအားလုံး ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❖ **ရခိုင်ပြည်နယ် စစ်တွေမြို့၌မှ**

စစ်တွေမြို့၌ ယမန်နေ့နှင့် ယနေ့ဖြစ်စဉ်များတွင် ဒဏ်ရာရရှိသူ ငါးဦးရှိပြီး စစ်တွေမြို့ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိကြောင်း၊ နေအိမ် ၁၄ လုံး မီးရှို့ခံခဲ့ရကြောင်း သိရသည်။

လက်ရှိစစ်တွေမြို့၌ ဖြစ်ပွားလျက်ရှိသည့် ဆူပူအကြမ်းဖက်မှုများသည် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့်အတွက် အခြေအနေအားလုံးကို အချိန်မီတားဆီးထိန်းသိမ်းလျက်ရှိကြောင်း၊ ဒေသရပ်ရွာတည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် စစ်တွေမြို့နယ်တွင် ပုဒ်မ-၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် သံတွဲ၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်တို့၌လည်း ပုဒ်မ- ၁၄၄ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❊ **ရခိုင်ပြည်နယ်မှ**

အလားတူ ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် မောင်တောမြို့ ရပ်ကွက်(၂) ပုံကျဈေး၌ ဆူပူသူများ စုဝေးခဲ့သဖြင့် နယ်မြေခံရဲတပ်ဖွဲ့က အချိန်မီတားဆီးထိန်းသိမ်းခဲ့ရကြောင်း၊ ယနေ့ဖြစ်စဉ်များတွင် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ယနေ့ နံနက် ၁၁ နာရီက ရမ်းဗြဲမြို့ ရပ်ကွက်(၁)ရှိ သာယာကုန်းဗလီအား ဆူပူအကြမ်းဖက်သူများက ဖျက်ဆီးခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်မှုများသည် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့်အတွက် ဒေသရပ်ရွာတည်ငြိမ်အေးချမ်းမှုရရှိစေရန် တာဝန်ရှိသူများက အချိန်မီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဇွန် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီးရှိ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်မည့်နေရာသို့ သွားရောက်စစ်ဆေးရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အမျိုးသားစီမံကိန်းတစ်ခုဖြစ်၍ ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်ချက် တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တိုးတက်ပြောင်းလဲလာသည့် အခြေအနေကြောင့် နှစ်စဉ် ပြည်တွင်းပြည်ပခရီးသည်များ ပိုမိုများပြားလာသဖြင့် လေဆိပ်များအဆင့်မြှင့်တင် တိုးချဲ့ပြုပြင်ခြင်း၊ နိုင်ငံတကာအဆင့်မီ လေဆိပ်အသစ်များ ထပ်မံတည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် မေ ၂၅ ရက်တွင် ခရီးသည် ၂ ဒသမ ၇ သန်းဆံ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ခရီးသည် ၃ ဒသမ ၅သန်းဆံ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

ပြည်တွင်းပြည်ပခရီးသည် တိုးတက်မှုမှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ငါးနှစ်ကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၃ ရာခိုင်နှုန်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ဆက်လက်တိုးတက်လာမည်ဆိုပါက ၂၀၁၂ ခုနှစ်အကုန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လက်ခံနိုင်မည့် ခရီးသည်ပမာဏထက်ကျော်လွန်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်တိုးတက်လာသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် အပြည်ပြည်ဆိုင်ရာလေဆိပ်အသစ်တစ်ခု ထပ်မံတည်ဆောက်ရန်လိုအပ်လာကြောင်း ပြောကြားပြီး လေဆိပ်စီမံကိန်းနယ်မြေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်း အကောင်အထည်ဖော်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုံရွာနှင့် ဘုတလင်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်(အေးရိပ်ဝေ)မိသားစုတို့က ဇွန် ၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွား ၆၅ဦးတို့အား တစ်နေ့တာ အာဟာရဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ကမ်းနားလမ်း ကွန်ကရစ်တာပေါင် မြေထိန်းနံရံ ဆောက်လုပ်နေမှု၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တိပိဋကမဟာဝိဟာရ ကျောင်းတိုက်အတွင်း နှစ်ထပ်ဆွမ်းစားဆောင် ဆောက်လုပ်နေမှုနှင့် ပတ်လမ်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်း ကျောက်ချောခင်းနေမှုနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် ကံသာကျေးရွာရှိ နှစ်လက်မ စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကံသာကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာလမ်းများ ကောင်းမွန်ရေး၊ ကျေးရွာမီးလင်းရေး၊ ပညာရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အားကစားပစ္စည်းများ၊ ဂျာနယ်များ၊ စာစောင်များနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဘုတလင်မြို့နယ် ရေကန်စုကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အားကစားပစ္စည်းများ၊ ဂျာနယ်များ၊ စာစောင်များနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီအကူးအပြောင်း ကျန်းမာရေး ဂရုပြု

မိမိတို့နိုင်ငံ၏ ရာသီဥတုသည် မိုးရာသီသို့ တဖြည်းဖြည်း ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ရာသီဥတုသည် မကြာခဏ မိုးရွာလိုက်၊ နေပူလိုက်နှင့် ဖြစ်နေသည်။ ဖော်ပြပါ ရာသီဥတုသည် ကလေးများအတွက် မျက်စိနာခြင်းနှင့် ဖျားနာခြင်းတို့ကို ဖြစ်စေသည့်ရာသီဖြစ်သည်။ ကလေးများမဆိုထားနှင့် လူကြီး၊ လူငယ်၊ လူရွယ်များလည်း မျက်စိနာခြင်းနှင့် ဖျားနာခြင်းဝေဒနာကို ခံစားရတတ်သည့် ရာသီဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့၏ ကလေးငယ်များ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ထီးများ၊ မိုးကာများကို ဂရုတစိုက်ဖြင့် အသုံးပြုစေခြင်း၊ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်စေခြင်းနှင့် ခြင်မကိုက်အောင် ဂရုစိုက်နေစေခြင်းဖြင့် ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်စေနိုင်သည့် ဖျားနာရောဂါနှင့် မျက်စိနာရောဂါများ မဖြစ်ပွားစေရန်အတွက် မိဘများအနေဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြပါရန်နှင့် ဖြစ်ပွားလာပါက နီးစပ်ရာ ဆေးခန်း၊ ဆေးရုံသို့ အချိန်မီ သွားရောက်၍ တတ်ကျွမ်းသူများနှင့် ပြသကုသကြရန်လိုပါသည်။ (မနိုင်-စာနယ်ဇင်း)

ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများထောက်ပံ့

တောင်ငူ ဇွန် ၁၀

ဇွန် ၈ ရက် နံနက်ပိုင်းက တောင်ငူမြို့ အမှတ်(၁၁)ရပ်ကွက် ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးအဖွဲ့တို့ပူးပေါင်း၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ရပ်ကွက်အတွင်းရှိ မူလတန်းကျောင်း နှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၁၅ ဦးအတွက် ငွေကျပ် သုံးသိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ၁၁၄ ဒါဇင်၊ ခဲတံနှင့် ဘောပင် ၁၁၄ဒါဇင်၊ ပေတံ ၂၁၅ ချောင်း၊ ခဲဖျက် ၂၁၅ ခုနှင့် ကျောင်းဝတ်စုံ ကျား၊ မ အစုံ ၅၀ ကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (၁၂၉)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

ရတနာပုံအသင်းနှင့် ERKE တို့ ဝတ်စုံစပွန်ဆာ စာချုပ်

မန္တလေး ဇွန် ၁၀

MNL ကလပ် ရတနာပုံအသင်းအား ERKE အားကစားဝတ်စုံများ Sporsor ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် ဝါးတန်းလမ်းရှိ လွယ်ဟိန်းကုမ္ပဏီ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ERKE ကုမ္ပဏီမှ Export မန်နေဂျာ Mr.Allen Wei က ရတနာပုံအသင်းအား စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဦးစိုင်းကျော်ဝင်းက ဖြည့်စွက်ပြောကြားသည်။ ဆက်လက်၍ ရတနာပုံအသင်း CEO ဦးဟန်မင်းထွဏ်းနှင့် ERKE ကုမ္ပဏီမှ Export မန်နေဂျာ Mr. Allen Wei တို့ စပွန်ဆာစာချုပ် ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ERKE ကုမ္ပဏီက ရတနာပုံအသင်းမှ နည်းပြများနှင့် အသင်းခေါင်းဆောင် အောင်ကျော်မိုးတို့ထံ အားကစားဝတ်စုံနှင့် ပစ္စည်းများကိုပေးအပ်ပြီး ရတနာပုံအသင်း အုပ်ချုပ်သူ ဦးအောင်ထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

တရုတ်နိုင်ငံအခြေစိုက် ERKE ကုမ္ပဏီသည် ရတနာပုံအသင်းအား ယခု 2012 MNL ပြိုင်ပွဲအပြီးထိ အားကစားဝတ်စုံနှင့်ပစ္စည်းများ စပွန်ဆာပေးသွားမည် ဖြစ်ကြောင်း သိရသည်။ အမေရိကန်ဒေါ်လာ ၁၂၀၀၀ တန်ဖိုးရှိ ERKE အမှတ်တံဆိပ်ပါ အားကစားဝတ်စုံနှင့် ပစ္စည်းများကို စပွန်ဆာပေးထားခြင်းဖြစ်ပြီး လာမည့်ရာသီတွင်လည်း စပွန်ဆာထပ်မံပေးရန် ရှိကြောင်း သိရသည်။ (ချစ်ကိုကို)

ရတနာပုံအသင်း CEO ဦးဟန်မင်းထွဏ်းနှင့် ERKE ကုမ္ပဏီမှ Export မန်နေဂျာ Mr. Allen Wei တို့ စပွန်ဆာစာချုပ် ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြစဉ်။ (ချစ်ကိုကို)

အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်ခြင်းသည် လုံခြုံရေးစာချုပ်

ကဘူး ဇွန် ၁၀

ဇွန် ၆ ရက်နေ့တွင် အရပ်သား ၁၈ ဦးသေဆုံးခဲ့ရသည့် လေကြောင်းမှ တိုက်ခိုက်ခြင်းသည် အမေရိကန်ပြည်ထောင်စုနှင့် ချုပ်ဆိုထားသော လုံခြုံရေးသဘောတူညီချက်ကို ထိခိုက်ကြောင်း အာဖဂန်သမ္မတရုံးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

တာလီဘန်ခေါင်းဆောင်တစ်ဦး ခိုအောင်းနေသဖြင့် အာဖဂန်နှင့် နိုင်ငံစုံတပ်ဖွဲ့များ ဝန်းရံထားသည့် လော့ဂျာ ပြည်နယ်အရှေ့ပိုင်းမှ ကျေးရွာတစ်ရွာကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် အမေရိကန် တပ်ဖွဲ့များက လေကြောင်းမှတိုက်ခိုက်ပေးရန် တောင်းဆိုခဲ့သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် အမျိုးသမီးငါးဦး၊ ကလေး ခုနစ်ဦးအပါအဝင် မင်္ဂလာပွဲအခမ်းအနားသို့ စုဝေးရောက်ရှိနေသူ ၁၈ ဦး သေဆုံးခဲ့ရသည်။

ထိုဖြစ်စဉ်ကို အာဖဂန်အစိုးရက စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် သမ္မတဟာမစ်ကာဇိုင်းက အာဖဂန်တာဝန်ရှိသူများအား မတိုင်ပင်ဘဲ တစ်ဖက်တည်းဆုံးဖြတ်၍ ယင်းကျေးရွာကို တိုက်ခိုက်ရန် အမိန့်ပေးခဲ့သော အမေရိကန်တပ်မှူးများကို အပြစ်တင်သည်။

ရွာအတွင်းမှ စစ်သွေးကြွများထွက်လာစေရန် အာဖဂန်တပ်ဖွဲ့များ ကြိုးစားနေသည်ကို အမေရိကန်တို့က မစောင့်ဆိုင်းဘဲ လေကြောင်းမှ တိုက်ခိုက်ပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ အီမဲလ်ဖိုင်ဇီက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန်နစ္စတန်တို့ လက်မှတ်ရေးထိုးထားသည့် မဟာဗျူဟာ လုံခြုံရေးစာချုပ်ပါ အချက်အလက်များကို ချိုးဖောက်ခြင်းဖြစ်သည် [illegible]

ထိုသဘောတူညီချက်များသည် နိုင်ငံလုံခြုံရေးတာဝန်များကို အာဖဂန်တပ်ဖွဲ့တို့အား လွှဲပြောင်းပေးအပ်မည့် လမ်းပြမြေပုံဖြစ်သည်။ အထူးသဖြင့် လော့ဂျာကဲ့သို့သော အထူးစစ်ဆင်ရေးများကို အာဖဂန်အစိုးရက တာဝန်ယူဆောင်ရွက်စေရန်ဖြစ်သည်။

မဟာဗျူဟာလုံခြုံရေးစာချုပ် လက်မှတ်ရေးထိုးပြီးနောက် အမေရိကန်တို့၏ တစ်ဖက်သတ်ဆောင်ရွက်မှုကြောင့် အရပ်သားများ သေဆုံးခဲ့ကြရသော ဖြစ်ရပ်များတွင် လော့ဂျာဖြစ်စဉ်သည်

လေကြောင်းမှတိုက်ခိုက်ခြင်းကြောင့် လူနေအဆောက်အအုံများ ပျက်စီးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပွား ရထားခရီးစဉ်ရပ်ဆိုင်းထားရ

ဗန်ကောက် ဇွန် ၁၀

ထိုင်းနိုင်ငံမြောက်ပိုင်း ပါရီးပြည်နယ်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရထားလမ်းပိုင်းကို ဇွန် ၁၀ ရက်က ရပ်ဆိုင်းထားလိုက်ရကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းဒေသတွင်ရှိသော လမ်းမကြီးများ၊ အစိုးရရုံးဌာနများ၊ ဘုရားကျောင်းများနှင့် လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိပြီး အချို့နေရာများတွင် ရေအနက်တစ်မီတာအောက် နစ်မြုပ်လျက်ရှိကြောင်း သတင်းတွင်ပါရှိသည်။

ရထားလမ်းများရေနစ်မြုပ်မှုကြောင့် ရထားခရီးစဉ်များကို ဇွန် ၁၀ ရက် နံနက် ၂ နာရီခန့်ကတည်းက ရပ်ဆိုင်းထားရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ပြေးဆွဲနေသော ခရီးသည်တင်ဘတ်စ်ကားများကို ရပ်ဆိုင်းထားရသော ရထားများအစား ပြေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမီးရထားဌာနက စီစဉ်ပေးလျက်ရှိသည်။

ရေနစ်မြုပ်၍ ပျက်စီးသွားသော ရထားလမ်းများအား မီးရထားဌာန အလုပ်သမားများက မရပ်မနားဘဲ ပြင်ဆင်ပြီးစီးသွားသဖြင့် မွန်းလွဲပိုင်းတွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ခဲ့

အာဖဂန်နစ္စတန်မှ ပြင်သစ်တပ်ဖွဲ့များ ဇူလိုင်လတွင် စတင်ရုပ်သိမ်းမည်

ပါရီ ဇွန် ၁၀

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြင်သစ်တပ်ဖွဲ့များ ရုပ်သိမ်းမှုကို ဇူလိုင်လတွင် စတင်မည်ဖြစ်ကြောင်းနှင့် ယခုနှစ်အကုန်တွင် အပြီးသတ် ဆောင်ရွက်မည်ဟု ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ဇွန် ၉ ရက်တွင် ပြောကြားကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြစဉ်။

ကြောင့် ဇွန် ၉ ရက်က ပြင်သစ်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့မှုဖြစ်ပေါ်အပြီး နာရီပိုင်းအကြာတွင် ပြင်သစ်တပ်ဖွဲ့များရုပ်သိမ်းမည့် အချိန်ဇယား အတည်ပြုမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

၎င်းတို့၏ အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးက ကာပီစာပြည်နယ်တွင် နေတိုးယာဉ်တန်းတစ်ခုအား အသေခံဗုံး ဖောက်ခွဲခဲ့သည်ဟု တာလီဘန်အဖွဲ့ကပြောကြားခဲ့သည်။ ပြင်သစ်သမ္မတ ဟော်လန်းက ရွေးကောက်ပွဲမဲဆွယ်ရာ၌ ပြင်သစ်တပ်ဖွဲ့များကို ၂၀၁၂ ခုနှစ်အတွင်း အာဖဂန်စစ်မြေပြင်မှရုပ်သိမ်းမည်ဟု ကတိပြုခဲ့သည်။ ယင်းမှာ အာဖဂန်နစ္စတန်မှ နေတိုးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့် ၂၀၁၄ ခုနှစ်မတိုင်မီ နှစ်နှစ်ခန့်စော၍ ပြင်သစ်တပ်ဖွဲ့များကို ရုပ်သိမ်းမည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

အာဖဂန်အစိုးရတပ်ဖွဲ့များနှင့် အင်အား ၁၃၀၀၀၀ ခန့်ရှိသော နိုင်ငံခြားတပ်ဖွဲ့များကို ပစ်မှတ်ထားသော တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများမှာ မကြာသေးမီ ရက်သတ္တပတ်များအတွင်း မြင့်တက်လာလျက်ရှိနေသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံခြားတပ်ဖွဲ့များတွင် ပြင်သစ်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၃၀၀ နီးပါးရှိပြီး ပဥ္စမမြောက် စစ်သည်အင်အားအများဆုံး တပ်ဖွဲ့ဖြစ်သည်။ ၂၀၀၁ ခုနှစ်မှ ယခုအချိန်အထိ အာဖဂန်စစ်မြေပြင်တွင် သေဆုံးခဲ့ရသည့် ပြင်သစ်တပ်ဖွဲ့ဝင်များမှာ ၈၇ ဦးရှိပြီ

တောင်ကိုရီးယားနိုင်ငံမှ စစ်ရေယာဉ်များ အိန္ဒိယရေတပ်ဝယ်ယူမည်ဟုဆို

နယူးဒေလီ ဇွန် ၁၀

အိန္ဒိယနိုင်ငံ၏ ရေကြောင်းကာကွယ်မှုကို အထောက်အကူပြုစေနိုင်ရန် တောင်ကိုရီးယားနိုင်ငံမှ စစ်ရေယာဉ်ရှစ်စင်းထက်မနည်းကို ဝယ်ယူရေးအတွက် ကာကွယ်ရေးဌာန၏ အဆိုပြုချက်မှာ မကြာမီသဘောတူညီမှု လက်မှတ်ရေးထိုးနိုင်တော့မည်ဟု ဒေသဆိုင်ရာ မီဒီယာသတင်းများ၌ ဖော်ပြသည်။

တောင်ကိုရီးယားနှင့် အိန္ဒိယတို့၏ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံမှ မိုင်းရှင်းသင်္ဘောနှင့် မိုင်းရှာသင်္ဘော ရှစ်စင်းထက်မနည်းကို အိန္ဒိယနိုင်ငံက ဝယ်ယူသွားမည်ဖြစ်သည်။

ယင်းသင်္ဘောများအနက် နှစ်စင်းကို တောင်ကိုရီးယားနိုင်ငံ ကန်နမ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတွင် တည်ဆောက်မည်ဖြစ်ပြီး ကျန်ခြောက်စင်းကို အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ဂိုအာသင်္ဘောကျင်း၌ တည်ဆောက်ပြီး အိန္ဒိယနိုင်ငံသို့ သင်္ဘောတည်ဆောက်ရေးနည်းပညာပါ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းစာက ဖော်ပြသည်။

အမေရိကန် ကိုလိုရာဒိုတောမီး ထိန်းချုပ်မရသေး

ဒင်ဗာ(ကိုလိုရာဒို) ဇွန် ၁၀

အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ်၌ တောမီးလောင်ကျွမ်းနေသည်မှာ လေပြင်းတိုက်ခတ်မှုနှင့် အပူချိန်မြင့်မားမှုတို့ကြောင့် ထိန်းချုပ်မရဖြစ်နေကြောင်း၊ လူအချို့ပျောက်ဆုံးနေသည်မှာ အရေအတွက် မသိရသေးကြောင်း၊ အဆောက်အအုံ ၁၀လုံး မီးလောင်ပျက်စီးသွားကြောင်း၊ ယင်းဒေသ၌ နေထိုင်သူများကို ရွှေ့ပြောင်းကြရန် စနေနေ့က တိုက်တွန်းထားကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများကပြောသည်။

ဧက ၈၀၀၀ ခန့် ဝါးမျို

ကိုလိုရာဒိုပြည်နယ်မြောက်ပိုင်း၌ တောမီးလောင်ခြင်းကို စနေနေ့နံနက်ပိုင်းတွင် သတင်းရရှိခဲ့ပြီး ညနေပိုင်းတွင် သစ်တောဧက ၈၀၀၀ ခန့် ဝါးမျိုသွားခဲ့ပြီဖြစ်သည်ဟုဆိုသည်။

တောမီးသည် မွန်းလွဲပိုင်းမှ စတင်လောင်ကျွမ်းပြီး စနေနေ့ညတိုင်အောင် လျင်မြန်စွာကျယ်ပြန့်လာကြောင်း၊ လမ်းမကြီးဘေးများ၌ နေထိုင်ကြသူများကို ရွှေ့ပြောင်းကြရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း လာပေါ်တီရှိ အလယ်တန်းကျောင်းတစ်ကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆောက်အအုံ ၁၀ လုံး ပျက်စီးသွားသော်လည်း လူနေအိမ်ဖြစ်သည် မဖြစ်သည်ကို ရှင်းလင်းစွာ မသိရှိရသေးကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့်သတင်းလည်း မရရှိသေးကြောင်း၊ မီးစတင်လောင်ရသည့် အကြောင်းရင်းကိုလည်း မသိရှိရသေးကြောင်း အာဏာပိုင်များက ပြောကြားသည်။

တောမီးလောင်ရာမှ မီးခိုးလုံးများ တက်လာနေသည်ကို

အိုင်ဗရီကို့စ်တွင် တိုက်ခိုက်မှုဖြစ်ပွား

ကုတ်ဒီဗွား ဇွန် ၁၀

အိုင်ဗရီကို့စ်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် ဇွန် ၉ရက်က တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လူထောင်ပေါင်းများစွာမှာ ထွက်ပြေးခဲ့ကြကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အရပ်သားနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ၏ထုတ်ပြန်ချက်များအရ သိရှိရကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

လူသားချင်းစာနာထောက်ထားရေးအဖွဲ့အစည်းများ၏ ဇွန် ၉ရက်တွင် ခန့်မှန်းပြောဆိုချက်အရ လူဦးရေ ၄၀၀၀ ခန့်သည် ခရိုင်အမျိုးသားဥယျာဉ်၏အစွန်ရှိ လိုင်းမြို့တွင် ရှိနေကြောင်း၊ ရာပေါင်းများစွာသောလူများ ဇွန် ၉ ရက် နေ့လယ်ပိုင်းတွင် အဆိုပါမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အာဖရိကတိုက်အနောက်အလယ်ပိုင်း လိုင်ဘေးရီးယားနိုင်ငံနယ်စပ်နှင့် မဝေးကွာသည့် ပါရာကျေးရွာအနီးတွင် ဇွန် ၇ ရက်နေ့ပိုင်းမှ ၈ ရက်အထိ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်ဟု ကုလသမဂ္ဂမှ ပြောကြားခဲ့သည်။

အဆိုပါဒေသအတွင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအား အရပ်သားများက ဆန့်ကျင်ခြိမ်းခြောက်ရာမှ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရကြောင်း ကုလသမဂ္ဂကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၄ခုနှစ်တွင် အိုင်ဗရီကို့စ်နိုင်ငံအတွင်းသို့ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့ချိန် နောက်ပိုင်း ဇွန် ၇ ရက်တွင် ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုသည် ပထမဆုံးအကြိမ် တိုက်ခိုက်မှုဖြစ်ကြောင်း အိုင်ဗရီကို့စ်နိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြား

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အမှတ် (၅) ရေတပ်၏ ဘာရိန်းအခြေစိုက်စခန်းကို အမေရိကန်ရေတပ်တိုးချဲ့နေ

မနားမား ဇွန် ၁၀

ဘာရိန်းနိုင်ငံ မနားမားမြို့တော်ရှိ ပါရှန်ပင်လယ်ကွေ့ရေတပ်စခန်း၏ အရွယ်အစားကို အမေရိကန်ရေတပ်က တိုးချဲ့တည်ဆောက်လျက်ရှိရာ ဘာရိန်းအခြေစိုက် အမေရိကန် အမှတ် (၅) ရေတပ်၏ စစ်ရေးစွမ်းဆောင်မှုမှာ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ဇွန် ၉ ရက်သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ပါရှန်ပင်လယ်ကွေ့ဒေသအတွင်း အီရန်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် အလားအလာများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပင်လယ်ကွေ့ရေတပ်စခန်းအား တိုးချဲ့တည်ဆောက်နေခြင်းမဟုတ်ကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ သန်း ၅၈၀ ကုန်ကျမည့် ရေတပ်အခြေစိုက်စခန်း တိုးချဲ့တည်ဆောက်မှုစီမံကိန်းကို ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုဖြစ်ပွားပြီးနောက်ပိုင်း ၂၀၀၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

ဘာရိန်းရေတပ်အခြေစိုက်စခန်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းကို ယခုနှစ် မေလနှောင်းပိုင်းတွင် စတင်ခဲ့ပြီး ငါးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရန် စီစဉ်ထားသည်။

ယင်းရေတပ်စခန်းအား တိုးချဲ့တည်ဆောက်ခြင်းဖြင့် ပါရှန်ပင်လယ်ကွေ့မဟာဗျူဟာ ရေလမ်းကြောင်းများအတွင်း တဖြည်းဖြည်း တိုးမြင့်လာသော ခြိမ်းခြောက်မှုများကို အမေရိကန်တပ်ဖွဲ့များအနေဖြင့် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။

ပင်လယ်ကွေ့ဒေသအတွင်း အမေရိကန်ရေတပ်၏ စစ်ရေးလှုပ်ရှားမှုများ ပိုမိုမြင့်တက်လာသည်နှင့်အမျှ တစ်နှစ်လျှင် အမေရိကန်ရေတပ်သင်္ဘော အစင်း ၃၀၀ ကျော်တို့၏ အဝင်အထွက်ကို ဘာရိန်းအခြေစိုက်ရေတပ်စခန်းက လက်ခံထားသည်။

အမေရိကန် ပြည်ထောင်စု၏ အမှတ်(၅)ရေတပ် တွင် အပါအဝင် ဖြစ်သော လေယာဉ်တင် သင်္ဘောကြီး ယူအက်စ်အက်စ် ဂျော့အိတ်ချ် ဒဗလျူဘုရှ် ကို တွေ့ရစဉ်။

ရေတပ်စခန်း တိုးချဲ့တည်ဆောက်မှုပြီးစီးပါက လက်ရှိလက်ခံနိုင်သည့် သင်္ဘောအရေအတွက်ထက် ၃၀ ရာခိုင်နှုန်း ပိုမိုလက်ခံနိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

ရုရှားဘော်လ်ရှီဗစ် တော်လှန်ရေးခေါင်းဆောင် ဗလာဒီမာလီနင်။

ဗလာဒီမာလီနင်၏ ရုပ်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်သင့်ကြောင်း ရုရှားယဉ်ကျေးမှုဝန်ကြီး ပြောကြား

မော်စကို ဇွန် ၁၀

ရုရှားဘော်လ်ရှီဗစ် တော်လှန်ရေးခေါင်းဆောင် ဗလာဒီမာလီနင်၏ ရုပ်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်သင့်ပြီး ရုပ်အလောင်းထားရှိရာ ဂူဗိမာန်ကိုလည်း ပြတိုက်အဖြစ် ပြောင်းလဲသင့်ကြောင်း အသစ်ရွေးချယ်ခံထားရသော ရုရှားယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗလာဒီမာမီဒင်စကီးက ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။

ကွယ်လွန်ခဲ့ပြီးနောက်ပိုင်း ဗလာဒီမာလီနင်အား အမျိုးမျိုးအဖုံဖုံ သုံးသပ်ဆုံးဖြတ်မှုများကို ရှောင်ရှားရေးအတွက် လိုအပ်သည့် ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မီဒင်စကီးက ရေဒီယိုအသံလွှင့်ဌာနတစ်ခုသို့ ပြောကြားခဲ့သည်။

ဘော်လ်ရှီဗစ်တော်လှန်ရေးခေါင်းဆောင်ကြီး လီနင်၏ ရုပ်အလောင်းကို နိုင်ငံတော်အဆင့် ဂုဏ်ပြုမှုများ လုပ်ဆောင်ပေးကာ သမိုင်းဝင်နေရာ တစ်နေရာ၌ မြှုပ်နှံသင်္ဂြိုဟ်သင့်ကြောင်း ရုရှားယဉ်ကျေးမှုဝန်ကြီးက ယုံကြည်ထားသည်။

လီနင်၏ ဆေးရည်စိမ်ရုပ်အလောင်းထားရှိရာ ဂူဗိမာန်ကိုလည်း ဆိုဗီယက်သမိုင်း ပြတိုက်အဖြစ် အသွင်ပြောင်းလဲသင့်ကြောင်း ရုရှားယဉ်ကျေးမှုဝန်ကြီး ဗလာဒီမာမီဒင်စကီးက ပြောကြားခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့သည့်တိုင် ရုရှားအစိုးရ တာဝန်ရှိသူများ၊ လက်ယာဝါဒီများနှင့် ရုရှားပြည်သူများအကြားတွင် ဆိုဗီယက်ပြည်ထောင်စုအား စတင်ထူထောင်ခဲ့သူ လီနင်၏ရုပ်အလောင်းကို ဂူဗိမာန်၌ ဆက်လက်ထားရှိရန် သင့်၊ မသင့်နှင့် မြှုပ်နှံသင်္ဂြိုဟ်ရန် သင့်၊ မသင့် ဟူသော အချက်များနှင့်ပတ်သက်၍ အမြင်ကွဲလွဲမှုများ ရှိနေဆဲဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂက်မြို့၌ ကျင်းပခဲ့သော ဒဗလျူဘီအို၏ ဝယ်သာဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲတွင် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယာအို (ယာပုံ)နှင့် ပြိုင်ဘက် အမေရိကန် လက်ဝှေ့သမား ဘရက်ဒ်လေတို့၏ ယှဉ်ပြိုင် ထိုးသတ်ဟန်။

အမှတ်ပေးဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်ကွဲပြားမှုများကြောင့် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယာအို ချန်ပီယံဘွဲ့လက်လွှတ်ခဲ့ရ

လပ်စ်ဗီးဂတ် ဇွန် ၁၀

အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ် လပ်စ်ဗီးဂတ်မြို့၌ ဇွန် ၉ ရက်က ကျင်းပခဲ့သော ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (ဒဗလျူဘီအို)၏ ဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်နိုင်ငံသား ကမ္ဘာကျော်လက်ဝှေ့သမား မန်နီပက်ကွီယာအိုသည် ချန်ပီယံဘွဲ့အား လက်လွှတ်လိုက်ရကြောင်း သိရသည်။

အမှတ်ပေးဒိုင်လူကြီးများ၏ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်ကွဲလွဲမှုကြောင့် ဝယ်သာဝိတ်တန်း၌ ကမ္ဘာ့အကောင်းဆုံးလက်ဝှေ့ကျော်အဖြစ် သတ်မှတ်ခြင်းခံထားရသူ ပက်ကွီယာအိုသည် ပြိုင်ဘက် အမေရိကန်လက်ဝှေ့ကျော် တင်မိုသီဘရက်ဒ်လေအား ရှုံးနိမ့်ကာ ချန်ပီယံခါးပတ်အား လက်လွှဲပေးအပ်လိုက်ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

၁၂ ချီ ၁၂ လားထိုးသတ်ခဲ့သည့်ပွဲစဉ်တစ်လျှောက်လုံး၌ ပက်ကွီယာအိုသည် ၎င်း၏ ဘယ်လက်သီးချက်များဖြင့် အမေရိကန်လက်ဝှေ့သမား ဘရက်ဒ်လေအား ထိုးနှက်နိုင်ခဲ့သော်လည်း ဒိုင်လူကြီးတစ်ဦးက ၁၁၅-၁၁၃ ဖြင့် ၎င်းအား အနိုင်ပေးခဲ့ပြီး ကျန်နှစ်ဦးက ၁၁၅-၁၁၃ ဖြင့် ဘရက်ဒ်လေအား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်အစပိုင်းတွင် ပက်ကွီဟာအိုက ပြိုင်ဘက် ဘရက်ဒ်လေအား အသာစီးမှ ထိုးသတ်ခဲ့ပြီး ပွဲစဉ်အလယ်၌ ဘရက်ဒ်လေက ပြန်လှန်ထိုးသတ်နိုင်ခဲ့သည်။ သို့ရာတွင် ပွဲစဉ်တစ်လျှောက်လုံးကို ဖိလစ်ပိုင်လက်ဝှေ့ကျော်ကသာ ထိန်းချုပ်ထားခဲ့ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ အငြင်းပွားဖွယ် ဆုံးဖြတ်ချက်ကွဲလွဲမှုဖြင့် အမေရိကန်လက်ဝှေ့ကျော်ကို အနိုင်ရယူသူအဖြစ် ကြေညာလိုက်ချိန်တွင် ကမ္ဘာ့လက်ဝှေ့ပရိသတ်များ အံ့အားသင့်ခဲ့ကြရသည်။

အမေရိကန်လက်ဝှေ့သမား ဘရက်ဒ်လေကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပက်ကွီယာအို၏ ခုနစ်နှစ်ကြာရှုံးပွဲမရှိ စံချိန်မှာလည်း ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

ဂရိနှင့် တူရကီနိုင်ငံများ၌ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်

အေသင် ဇွန် ၁၀

ဂရိနိုင်ငံ ရိုးဒက်စ်ကျွန်းနှင့် တူရကီနိုင်ငံ အနောက်တောင်ဘက်ဒေသများ၌ တနင်္ဂနွေနေ့က အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် အသေအပျောက် ရှိ၊ မရှိ နှင့် အပျက်အစီး ရှိ၊ မရှိကို မသိရသေးသော်လည်း တူရကီနိုင်ငံ၌ ငလျင်လှုပ်ခတ်စဉ်အတွင်း အဆောက်အအုံများပေါ်မှ ခုန်ချခဲ့ကြခြင်းကြောင့် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကနဦးတိုင်းတာချက်များအရ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အဆိုပါငလျင်သည် အေဂျီယန်ပင်လယ်တွင်း မြေအောက်အနက် ၂၃ မိုင်ခန့်တွင် ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဂရိနိုင်ငံ အေသင်ငလျင်ဗေဒဌာနက ပြောကြားသည်။

မြေငလျင်ဗဟိုချက်သည် ဂရိနိုင်ငံ ရိုးဒက်စ်ကျွန်းနှင့် တူရကီနိုင်ငံ အနောက်ပိုင်းတို့အကြား တည်ရှိသည်။

တူရကီနိုင်ငံတွင်း၌ အေဂျီယန်ပင်လယ် အပန်းဖြေမြို့ အော်လူဒန်းနစ်ဇ်၊ အစ်ဇ်မီယာဆိပ်ကမ်းမြို့နှင့် အန်တယ်လ်ယာမြို့တို့မှာ ငလျင်လှုပ်ခတ်မှုဒဏ်ကို ခံစားခဲ့ရသည်။

အဓိကမြေငလျင်ကြီးလှုပ်ခတ်ပြီးနောက် အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ နှင့် ၄ ဒသမ ၇ အသီးသီးရှိသော ငလျင်ငယ်များ နောက်ဆက်တွဲလှုပ်ခတ်ခဲ့ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားသည်။

တူရကီနိုင်ငံ၌လည်း ငလျင်လှုပ်ခတ်မှုကြောင့် အသေအပျောက်နှင့် အပျက်အစီးမရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သို့ရာတွင် မြေလွှာတုန်ခါမှု ဖြစ်ပေါ်စဉ်အတွင်း ကြောက်လန့်တကြား ဖြစ်ခဲ့ရသူများသည် အဆောက်အအုံများ၏ ပြတင်းပေါက်များမှ မြေပေါ်သို့ ခုန်ဆင်းခဲ့ကြရာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားသည်။

ဂရိနိုင်ငံ ရိုးဒက်စ်ကျွန်းဒေသနှင့် တူရကီနိုင်ငံ အနောက်ပိုင်းဒေသများသည် ငလျင်ကြောဇရိယာများပေါ်တွင် တည်ရှိသော ဒေသများဖြစ်ကြသည်။

ယင်းဒေသများသည် မြေငလျင်လှုပ်ခတ်မှုဒဏ်ကို မကြာခဏ ခံစားရလေ့ရှိသည်။ ***အင်တာနက်။***

လက်ထပ်မင်္ဂလာရက်မြတ် ရွေးချယ်ခဲ့သည့် အိန်ဂျလီနာဂျိုလီ

အောင်မင်းစိုး

ယခုနှစ် နွေရာသီတွင် မင်းသားဘရက်ဒ်ပစ်နှင့် လက်ထပ်ရန် စေ့စပ်ထားသူ နာမည်ကျော် ဟောလိဝုဒ်မင်းသမီးချော အိန်ဂျလီနာဂျိုလီသည် ၎င်း၏ လက်ထပ်ပွဲမင်္ဂလာနေ့ရက်ကို ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး၏ နည်းနာနိဿယ အကူအညီဖြင့် ရွေးချယ်သတ်မှတ်ခဲ့ကြောင်း ဇွန် ၉ ရက် အင်တာနက်သတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြသည်။

အိန်ဂျလီနာဂျိုလီနှင့် နီးစပ်သူများအသိုင်းအဝိုင်းက ဂျိုလီသည် ၎င်း၏လက်ထပ်ပွဲမင်္ဂလာနေ့ရက်ကို ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး၏ အကူအညီဖြင့် လျှို့ဝှက်ရွေးချယ်သတ်မှတ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

အသက် (၃၇)နှစ်ရှိ ဂျိုလီသည် ယခင်ကလည်း သူ့ဘဝအတွက် အရေးကြီးသည့်အချိန်အခါ အလှည့်အပြောင်းဖြစ်စေမည့်ကိစ္စရပ်များကို ဗုဒ္ဓဘာသာနက္ခတ်ဗေဒင်ပညာ၏ အကူအညီဖြင့် နေ့ကောင်းရက်မြတ်ကို ရွေးချယ်လုပ်ဆောင်ခဲ့ကြောင်း၊ ဂျိုလီသည် ဗုဒ္ဓဘာသာပြက္ခဒိန်ကို အမှီပြု၍ သူ့အပါအဝင် ဘရက်ဒ်ပစ်နှင့် ကလေးများ၏ ဆေးဝါးကုသမှုအစီအစဉ်များ ရေးဆွဲခြင်း၊ အားလပ်ရက်များသတ်မှတ်ခြင်းတို့ပြုလုပ်သည့်အပြင် သူ၏ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပြသမည့်နေ့ရက်များကိုပင် ဗုဒ္ဓဘာသာနက္ခတ်ဗေဒင်ပညာဖြင့် ရွေးချယ်သတ်မှတ်ခဲ့ကြောင်း နီးစပ်သည့် သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားသည်။

ဗုဒ္ဓဘာသာနက္ခတ်ဗေဒင်ပညာကို အကြွင်းမဲ့ယုံကြည်အားထားနေသူ ဂျိုလီသည် ဗုဒ္ဓဘာသာရဟန်းတော် တစ်ပါး ရွေးချယ်ပေးသည့် မင်္ဂလာနေ့ရက်သည် သူနှင့် ဘရက်ဒ်ပစ်တို့ အနာဂတ်ဘဝ သာယာလှပရေးအတွက် အာမခံချက်ပေးနိုင်မည်ဟု အပြည့်အဝယုံကြည်ထားသည်။

ဘရက်ဒ်နှင့် နီးစပ်သူများ၏ အဆိုအရ ဘရက်ဒ်ပစ်သည် ဂျိုလီလုပ်သမျှ၊ ကြံစည်သမျှကို ကြည်ကြည်ဖြူဖြူ နားလည်ပေးထားပြီး လက်ထပ်ပွဲနေ့ရက်ကိုလည်း ဂျိုလီ၏စိတ်တိုင်းကျ ရွေးချယ်ခွင့်ပေးထားသည်ဟု ဆိုသည်။ **(ယာပုံ)**

၎င်းတို့နှင့်နီးစပ်သူများက National Enquirer မဂ္ဂဇင်းသို့ ပြောကြားရာတွင် "ဘရက်ဒ်ပစ်က ဂျိုလီစီစဉ်တဲ့အတိုင်း လိုက်နာရုံပါပဲ။ သူကလက်ထပ်ပွဲကျင်းပဖို့ အချိန်လိုသလောက်ယူဖို့ ဂျိုလီကို ပြောထားတယ်။ ကလေးခြောက်ယောက်နဲ့ ရှစ်နှစ်ပေါင်းသင်းလာပြီးမှ လက်ထပ်ပွဲကျင်းပဖို့ အလောတကြီးစီစဉ်စရာမလိုဘူးဆိုတာလည်း သူတို့နားလည်ပါတယ်"ဟု ဆိုသည်။ ***အင်တာနက်။***

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့၏ တည်ငြိမ်အေးချမ်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာရာ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာသို့ ရောက်ရှိကြပြီး တိုက်နယ်ဆေးရုံနှင့် ဗန္ဓုလခန်းမတို့၌ ခေတ္တနေရာချထားပေးထားသည့် နေအိမ်မီးလောင်ဆုံးရှုံးသူများအား တွေ့ဆုံအားပေးကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့်ပစ္စည်းများကို ပေးအပ်ကြပြီး ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

၎င်းနောက် ခရေမြိုင်ကျေးရွာအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပတ်ဝန်းကျင် ကင်းချောင်းကျေးရွာမှ ဒေသခံများအား နှုတ်ဆက်အားပေး၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မောင်တောမြို့သို့ရောက်ရှိကြပြီး မောင်တောမြို့ တည်ငြိမ်အေးချမ်းနေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မောင်တောမြို့နယ် ဝေသာလီကျေးရွာ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဒေသခံရဲတပ်ရင်း၌ နေရာချထားပေးထားသည့် ဒေသခံကျေးရွာသူ ကျေးရွာသားများအားရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ခေတ္တရွှေ့ပြောင်းနေထိုင်ရသူများ၏ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများအား အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ဆူပူအကြမ်းဖက်သူများကြောင့် အိုးအိမ်ဖျက်ဆီးခံရသည့် ကျေးရွာသူ ကျေးရွာသားများအား မောင်တောမြို့ဒေသခံရဲတပ်ရင်း၊ အလိုတော်ပြည့်ကျောင်းတိုက်၊ ပရဟိတကျောင်းတိုက်နှင့် ဗဟိုကျောင်းတိုက်တို့၌ နေရာချထားပေးပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဆေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများက ဆေးဝါးကုသပေးလျက်ရှိပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ယာယီနေရာချထားပေးသည့် ဒေသခံရွာသူ ရွာသားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး အေးချမ်းမှုရရှိသည့် ဘူးသီးတောင်မြို့နယ်၏အခြေအနေကို ဆက်လက်ထိန်းသိမ်းသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ်၏ တည်ငြိမ်အေးချမ်းနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဒေသခံပြည်သူများအားထောက်ပံ့ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ရေးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ပြီး စစ်တွေမြို့မှ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံးရောက်ရှိရေးအတွက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိရာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ဗန္ဓုလခန်းမ၌ နေအိမ်မီးလောင်ဆုံးရှုံးသူများအား တွေ့ဆုံအားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဒေသခံများအား ထောက်ပံ့ရန် ကျားဝတ်၊ မဝတ်လုံချည်များ၊ စောင်များ၊ မျက်နှာသုတ်ပဝါများ၊ ဒန်အိုး၊ ဒန်ခွက်များ စစ်တွေမြို့သို့ ရောက်ရှိလာရာ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံးရောက်ရှိရေးအတွက် တပ်မတော်သားများက သယ်ဆောင်ပေးကြစဉ်။ (သတင်းစဉ်)

ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးအား မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်မှုကျူးလွန်သူ တရားခံ(၁)ဦး အကျဉ်းထောင်အတွင်း ကြိုးဆွဲချသေကြောင်းကြံစည်

နေပြည်တော် ဇွန် ၁၀

ကျောက်ဖြူ အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးအား မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်သူ တရားခံ(၃)ဦး အနက်မှ တရားခံ ရှောင်ရှူး(ခ) ထက်ထက်(ခ) ဖြိုးဇေယျာကျော်သည် ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်းဝတ်ဆင်ထားသည့် ပုဆိုးအားဆုတ်ဖြဲပြီး ကြိုးအဖြစ်အသုံးပြုကာ အမြင့်(၈)ပေခန့်ရှိ လေဝင်ပြတင်းပေါက်သံတိုင်တွင် ချည်နှောင်၍ အိမ်သာအိုးပေါ်မှ ခုန်ချကာ ကြိုးဆွဲချ သေကြောင်းကြံစည်ခဲ့သည်။

ယင်းဖြစ်စဉ်အား တိုက်ခန်းတာဝန်ကျ အကျဉ်းထောင်တပ်သားမှ တွေ့မြင်၍ အကူအညီတောင်းခံရာ တာဝန်ရှိသူများ ချက်ချင်းရောက်ရှိပြီး ရှေးဦးသူနာပြုစုနည်းဖြင့် ဝိုင်းဝန်းပြုစုသော်လည်း သတိပြန်လည်လာခြင်းမရှိဘဲ သေဆုံးခဲ့ကြောင်း၊ ၎င်းသေဆုံးမှုအား အကျဉ်းထောင်ဆရာဝန်မှ အတည်ပြုပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာသို့ ပြည်နယ်ထောင်အုပ်စုညွှန်ကြားရေးမှူး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဆရာဝန်ကြီးနှင့် ခရိုင်လဝကမှူးတို့ပါဝင်သည့် အဖွဲ့မှ လာရောက်စစ်ဆေးကြည့်ရှုပြီး ဓာတ်ပုံမှတ်တမ်းများရယူကာ ကျောက်ဖြူရဲစခန်း သေမှုသေခင်း အမှတ်စဉ် (၁၆/၂၀၁၂)ဖြင့် အမှုဖွင့်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိုင်ကယ်စီးအမျိုးသမီးထံမှ ပိုက်ဆံအိတ်နှင့် လက်ကိုင်ဖုန်း လုယူသူများအား ဖမ်းဆီး

မန္တလေး ဇွန် ၁၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၆)ရဲစခန်းမှ ဒုတိယရဲအုပ် ဖြိုးမင်းသောင်းနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မေ ၆ ရက်က နယ်မြေအတွင်း မှုခင်းကျဆင်းရေး ခိုးဆိုးနှိုက်ပပျောက်ရေး လှည့်ကင်းဆောင်ရွက်နေစဉ် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက် (၃၁) လမ်းနှင့် (၃၂) လမ်း၊ (၈၄) လမ်းနှင့် (၈၅) လမ်း၌ သီဟအောင်(ခ) သာဂိနှင့် ဝဏ္ဏကျော်တို့ နှစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စခန်းသို့ခေါ်ယူကာ သက်သေများရှေ့တွင် စစ်ဆေးခဲ့သည်။

မသင်္ကာဖွယ်တွေ့ရှိသူ သီဟအောင်(ခ) သာဂိနှင့်ဝဏ္ဏကျော်တို့ နှစ်ဦးသည် မေ ၂ ရက် နံနက် ၁၀ နာရီခန့်က ချမ်းအေးသာစံမြို့နယ် သီရိဟေမာရပ် လမ်း (၉၀)၊ (၂၉) လမ်းနှင့် လမ်း (၃၀) ကြား၌ အမျိုးသမီးတစ်ဦး စီးနင်းလာသည့် စူပါကပ်ဆိုင်ကယ်၏ ဘယ်ဘက်လက်ကိုင်တွင် ချိတ်ထားသော ပိုက်ဆံအိတ်နှင့် လက်ကိုင်ဖုန်းတို့အား လုယူထွက်ပြေးခဲ့ကြောင်း ဝန်ခံထွက်ဆိုသည်။ ထို့နောက် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လုယူခဲ့သည့် ပိုက်ဆံအိတ်၊ ဖုန်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SUMBO STAR 125 အမျိုးအစား ၁၉ယ/---- ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းပြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၆) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ မောင်စေတနာ(မန္တလေး)

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၁၀

ယနေ့နံနက်၉နာရီခွဲထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပေါက်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ထားဝယ် မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျောက်တော် မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြိတ်မြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် မိုးကုတ်မြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ကုန်တင်ယာဉ်ရှောင်တိမ်းသည့် ဆိုင်ကယ် အရှိန်လွန်တိမ်းမှောက်

ရေတာရှည် ဇွန် ၁၀

ရေတာရှည်မြို့နယ် ရေတာရှည်မြို့နှင့် ဆွာမြို့အကြား ပြီစုတ်ကျေးရွာအနီးတွင် ဇွန် ၈ ရက် ည ၈ နာရီခွဲခန့်က မိုးရွာနေစဉ်မောင်းနှင်လာသောဆိုင်ကယ်သည် ရှေ့ဘက်မှလာသည့် ကုန်တင်ယာဉ်ကိုရှောင်တိမ်းစဉ် အရှိန်လွန်တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ ကေတုမတီမြို့သစ်ရှိ GTC ကျောင်းမှ မြို့လှမြို့ ရွှေမြိုင်ရပ်ကွက်ကို ပြန်လာသည့် ထက်နေအောင် (၂၀)နှစ်သည် YAMAHA Fino Auto Gear အဖြူရောင်(နံပါတ်မပါ) ဆိုင်ကယ်ဖြင့် မိုးရွာနေစဉ် ရန်ကုန်-မန္တလေးပြည်ထောင်စုကားလမ်းမကြီးအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၁၉၆/၅)နှင့် (၁၉၆/၆)အကြား ပြီစုတ်ရွာအနီးတွင် ကားကိုရှောင်ရာမှ အရှိန်လွန်ကာ ကားလမ်းအရှေ့ဘက်ကို တိမ်းမှောက်သွားခဲ့သည်။ အဆိုပါလမ်းပိုင်းတွင် နွေစပါးစိုက်တောင်သူတို့၏ စပါးခြွေလှေ့ပြီးသည့် ကောက်ရိုးပုံများ၊ အမှိုက်သရိုက်များမှာ ကားလမ်းတစ်လျှောက် ပြန့်ကျဲလျက်ရှိ၍ မိုးရွာသွန်းလျှင် လမ်းချော်တတ်သည့်အတွက် ခရီးသွားယာဉ်များ အထူးသတိပြုရန်လိုအပ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ထက်နေအောင်တွင် မေးစေ့ပေါက်ပြဲ၊ ရင်ဘတ်ညိုမည်း၊ နှာခေါင်းသွေးထွက် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သဖြင့် ဆွာရဲစခန်းမှ (ပ)၉၆/၂၀၁၂ ပြစ်မှုဥပဒေပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၅၇၈)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ် အကျဉ်း

၁၁-၆-၂၀၁၂ (တနင်္လာနေ့)

၅း၄၀	"လောကကြီးက တို့ဆရာ" တရားတော် (ညောင်ကန်ဆရာတော် အရှင်ကုန္ဒက)
၈း၅၅	ရန်ကုန်မြင်ကွင်းကျယ် (Advance In Plastic Surgery Praram 9)
၉း၃၅	ရွှေခေနတို့ပျော်စံရာ ဆီးကျအင်းကျေးရွာမှ လက်ဖက်ခင်းများ
၁၁း၃၅	Golden Minute
၁၂း၂၀	Myanmar Cooking Master (စတုတ္ထအဆင့်)(ပွဲစဉ်-၁)
၆း၄၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၅၀)**
၈း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign Of Love" (အချစ်သင်္ကေတ)(အပိုင်း-၁၃)
၉း၃၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၆၄)**
၁၁း၁၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူ"(အပိုင်း-၄)**
၄း၃၀	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ

နယ်စပ်ဒေသနေ တိုင်းရင်းသားများကို အဆင့်မြင့်လူသားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင် နိုင်ငံတော်သစ်တည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထား

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)သင်တန်းအမှတ်စဉ် (၁၁)ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)သင်တန်း အမှတ်စဉ်(၁၁) သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ်ရှိ အဆိုပါကောလိပ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ် ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး တက်ရောက်၍ သင်တန်း ဆင်းအမှာစကားပြောကြားရာတွင် ယနေ့သင်တန်းဆင်းကြမည့် ကျောင်းဆင်းပညာတတ် လူငယ်များအနေဖြင့် မိမိတို့ တာဝန် ကျသည့် ပြည်ထောင်စုကြီး၏ တစ်ထောင့်တစ်နေရာကို သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များကို ထမ်းဆောင်ကြရ တော့မည်ဖြစ်ကြောင်း၊ ယင်းသို့ တာဝန်ထမ်းဆောင်ကြသည့် အခါတွင်လည်း ဒီဂရီကောလိပ်၏ ထူးခြားမွန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှု အစဉ်အလာနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် သွားရန် လိုကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကို အချင်းချင်း လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းလိုသည့် သဘောထားအလျဉ်းမရှိဘဲ မှန်ကန်သည့်စေတနာ၊ မြော်မြင် သည့်အသိ၊ နားလည်စာနာသည့် စိတ်ထားများဖြင့် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လိုသည့် သဘောထားကိုသာ ခံယူလက်ခံထားရှိ ကြောင်း၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်း မပြု ကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး အတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို (၁၈-၈-၂၀၁၁) ရက်က ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁)ဖြင့် ထုတ်ပြန်ကမ်းလှမ်းခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်မည်ဆိုပါက လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန် လိုအပ်သည်မှာလည်း ရှောင်လွှဲ၍မရသော ဖြစ်စဉ်တစ်ရပ်ပင် ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများအကြား လက်နက်ကိုင် ဖြေရှင်းမှုဖြင့် ငြိမ်းချမ်းရေးရနိုင်မည်မဟုတ်သည်ကို လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် နှစ်ပေါင်း(၆၀)ကျော်ကာလက သက်သေပြခဲ့ပြီး



သီပွံထူးချွန်ဆု

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ် (၁၁) သိပ္ပံထူးချွန်ဆုရ ကရင်ပြည်နယ် ဘားအံမြို့မှ ကရင်တိုင်းရင်းသား မောင်စောလင်းလင်းစိုး။

ဝိဇ္ဇာထူးချွန်ဆု

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ် (၁၁) ဝိဇ္ဇာထူးချွန်ဆုရ ရှမ်းပြည်နယ် ညောင်ရွှေမြို့မှ အင်းသားတိုင်းရင်းသား မောင်တင်ဝင်းလှိုင်။

အင်ဂျင်နီယာထူးချွန်ဆု

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ် (၁၁) အင်ဂျင်နီယာထူးချွန်ဆုရ ရခိုင်ပြည်နယ် မြောက်ဦးမြို့မှ ရခိုင် တိုင်းရင်းသား မောင်သာကျော်အောင်။

ဖြစ်သည့်အပြင် မြန်မာနိုင်ငံအနေဖြင့် အစားထိုး၍ မရရှိနိုင်သည့် ဆုံးရှုံးမှုများကို အတိတ်သင်ခန်းစာများအဖြစ် ခံစားခဲ့ရပြီးဖြစ် ကြောင်း၊ ယင်းအမွေဆိုးများကို မိမိတို့၏ အနာဂတ်မျိုးဆက်သစ် များအား ဆက်လက် လက်ဆင့်ကမ်းပေးခြင်းမဖြစ်သင့်သည်ကို ကြီးမားသောသင်ခန်းစာဖြင့် ရှုမြင်ဆင်ခြင်အပ်ပါကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မည်ဆိုပါက တိုင်းရင်းသား ညီအစ်ကိုများ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့ကို နိုင်ငံတော်နှင့် အစိုးရမှ အပြည့်အဝ တာဝန်ယူပေးမည်မှာ မလွဲကေန်ပင်ဖြစ်ကြောင်း၊ လက်နက်ကိုင်အင်အားစုများသည် မိမိတို့တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တိုက်ခိုက်ရန်မဟုတ်ဘဲ နိုင်ငံတော်၏ နယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို အတူတကွ ပူးပေါင်းကာကွယ်ရန်ဖြစ်သည်ဟူသော အသိစိတ်ဓာတ်ကို မှန်ကန်စွာ ခံယူရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသည်ကို ရှင်းလင်းစွာတွေ့မြင် ရမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီကာလက နယ်စပ်ဒေသ များတွင် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ဒေသတွင် ရှိသည့် တိုင်းရင်းသားလူငယ်တိုင်း ပညာသင်ကြားမှု အခွင့် အလမ်းများ ဆုံးရှုံးခဲ့ကြရကြောင်း၊ အထွေထွေသော ဒုက္ခမျိုးစုံ ကြောင့် တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဘဝရှေ့ရေးတိုးတက်နိုင်သည့်အခွင့်အလမ်းများ လက်လွှတ်ခဲ့ကြရကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲ့သည့် အတွက်လည်း နယ်စပ်ဒေသဖွံ့ဖြိုးမှုများ နောက်ကျခဲ့ရပြန် ကြောင်း၊ ယင်းအခြေအနေများကို အောင်မြင်ကျော်လွှားနိုင်ရန် အတွက် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန်အခွင့်အရေးနည်းပါး သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်းပညာ သင်ယူနိုင်ရန်အတွက် အခြေခံပညာကဏ္ဍမှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း၊ အသက်မွေးဝမ်းကျောင်းကဏ္ဍမှာ စက်မှုလက်မှု ပညာသင်တန်းကျောင်း လေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၀ ကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာရေးကဏ္ဍမှာ လည်း နယ်စပ်ဒေသတိုင်းရင်းသားများ၏ အဆင့်မြင့်လူသား အရင်းအမြစ်များဖြစ်ထွန်းလာရေးကိုဦးတည်လျက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(၂)ကိုပါ ရည်မှန်းချက်ကြီးစွာနှင့် တည်ထောင်ပေး ခဲ့ခြင်းဖြစ်ကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍဖြစ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ် များမှ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်မည့် အရည် အချင်းပြည့် ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ ဝန်ထမ်းကောင်းများ၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် ရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အင်ဂျင်နီယာနှင့် စက်မှုပညာသည်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း၊ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပကတိကြုံတွေ့ နေရသော ကန့်သတ်ချက်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု မရှိခြင်းပင်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာ ရေးကဏ္ဍများတွင် တာဝန်ထမ်းဆောင်လိုသည့် ဆရာ ဆရာမ များ၊ ကျန်းမာရေးဝန်ထမ်းများ ရှားပါးလျက်ရှိခြင်း၊ ဝန်ထမ်း များအနေဖြင့် မြို့ပြများတွင်သာ တာဝန်ထမ်းဆောင်လိုစိတ် ရှိခြင်းတို့သည် ပကတိကြုံတွေ့နေရသည့် အခြေအနေမှန် စိန်ခေါ်မှုများပင်ဖြစ်ကြောင်း၊ နယ်စပ်ဒေသတွင် နေထိုင်သော တိုင်းရင်းသားများကို အဆင့်မြင့်လူသားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်မှသာ ယင်းစိန်ခေါ်မှုကို ကျော်လွှားနိုင်ပြီး မိမိတို့ပြုစုပျိုးထောင်ပေးလိုက်သော လူသားအရင်းအမြစ်များ အနေဖြင့် မိမိနေထိုင်ရာ နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝလုပ်ကိုင်ပေးနိုင်ကြမည် ဖြစ်ကြောင်း။

ယနေ့ မြန်မာ့ဒီမိုကရေစီ နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအဓိကထား ဆောင်ရွက်ရန် အထူးအလေးအနက်ထားရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲလျှင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမှာ ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦး ရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံအကြားမှာ ခိုင်ခိုင်မာမာရပ်တည် နေနိုင်ခဲ့သည်မှာ ဘိုးဘွားမိဘ တိုင်းရင်းသားအားလုံး၏ စည်းလုံး ညီညွတ်မှုနှင့် အမိမြေကို ကာကွယ်နိုင်စွမ်းရှိမှုကြောင့်ဖြစ်ကြောင်း၊ မိသားစုသဖွယ်ဖြစ်တည်နေသော ပြည်ထောင်စုတိုင်းရင်းသား များသည် သူ့လူမျိုး၊ ကိုယ့်လူမျိုး၊ သူ့ဒေသ၊ ကိုယ့်ဒေသဟူသော အစွဲအလမ်းများကို ပယ်ဖျောက်လျက် "ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေး ကြီးသည်၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသား အားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန် သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်" ဟူသော အသိတရားကို ထာဝရကိန်းအောင်း ခံယူကြရမည်ဖြစ်ကြောင်း။

မျက်မှောက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုပုံစံသစ်ကို ခြုံငုံလေ့လာ မည်ဆိုလျှင် အခြေခံပြောင်းလဲမှု (Paradigm Shift) နှစ်ရပ်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ပထမအချက်မှာ အစိုးရဗဟိုပြု လူမှုစီးပွားဘဝမှ ပြည်သူဗဟိုပြု လူမှုစီးပွားဘဝသို့ ကူးပြောင်း သွားခြင်းနှင့် ဒုတိယအချက်မှာ သဘာဝအရင်းအမြစ်အခြေပြု စီးပွားရေးဘဝမှ လူသားအရင်းအမြစ်အခြေပြု စီးပွားရေးဘဝသို့ ကူးပြောင်းသွားခြင်းတို့ဖြစ်ကြောင်း၊ ယင်း (Paradigm Shift) နှစ်ရပ်စလုံးက ညွှန်ပြတောင်းဆိုလျက်ရှိသော တူညီချက်တစ်ရပ် မှာ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် မရှိမဖြစ်လိုအပ်ချက် ဖြစ်သည်ဆိုသောအချက်ပင် ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိက မဏ္ဍိုင်များထဲမှာ ပညာရေးကဏ္ဍသည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို နိုင်ငံတော်က ချမှတ်ထားသည့် အမျိုး သားရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်နေ သည့်အချိန်တွင် သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ၏ သင်ကြားပြသပေးမှုသည် အဓိကကျသကဲ့သို့ စီမံရေးရာ နှစ်ပိုင်း လုံးက လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်စေရေး ညီညီညွတ်ညွတ်နှင့် လက်တွဲဆောင်ရွက်သွားရန် မှာကြားလို ကြောင်း။

၂၀၁၂ ခုနှစ် မေလ ၁၁ ရက်နေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ နိုင်ငံတော် သမ္မတကြီးက "ယခုအခါ ဒုတိယအဆင့် မဟာဗျူဟာ ပြုပြင် ပြောင်းလဲရေးအဖြစ် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက် မြင့်မားစေရန် **ထိရောက်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက် ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအလိုက်၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုး တိုးတက်စေရန်လည်းကောင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပြီး ဆက်လက် အကောင်အထည်ဖော် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း"** ကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

သင်တန်းဆင်း ကျောင်းသားများအနေဖြင့် နိုင်ငံတော် အစိုးရသစ်၏ အမျိုးသားရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်ချက်များကို အလေးဂရုပြုလိုက်နာဆောင်ရွက် ကြပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲရေးကို အလေးအနက်ထား၍ ပြုစုထိန်းသိမ်း ဆောင်ရွက်ကြပါ။ ထာဝရငြိမ်းချမ်းရေး လုပ်ငန်းစဉ်တိုင်းမှာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ကျရာတာဝန်များကို ဦးဆွေးဆံမြည့် ထမ်းရွက်သွားကြပါ။ နယ်စပ်ဒေသတိုင်းရင်းသား များ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကို စွမ်းစွမ်းတမံ ဆောင် ရွက်ကြပါ။ မိမိတို့တာဝန်ထမ်းဆောင်သည့် နေရာဒေသများတွင် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် စေတနာအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြပါ။ ပြောင်းလဲနေသော ခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်နိုင်အောင် ကြိုးစားသင်ယူမှု များ၊ လေ့လာမှုများ ရှင်သန်နေအောင် အစဉ်အမြဲ အားထုတ် ကြပါ ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်း သားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) သင်တန်းအမှတ်စဉ်(၁၁)မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် ညောင်ရွှေမြို့မှ အင်းသားတိုင်းရင်းသား မောင်တင်ဝင်းလှိုင်၊ သိပ္ပံဘာသာ ထူးချွန်ဆုရ ကရင်ပြည်နယ် ဘားအံမြို့မှ ကရင် တိုင်းရင်းသား မောင်စောလင်းလင်းစိုးနှင့် အင်ဂျင်နီယာထူးချွန် ဆုရ ရခိုင်ပြည်နယ် မြောက်ဦးမြို့မှ ရခိုင်တိုင်းရင်းသား မောင်သာကျော်အောင်တို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ် တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် သာသနာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာ(ရိုးရိုး)တစ်နိုင်ငံလုံး ထူးချွန်ဒုတိယဆုရ ကျောင်းသားတစ်ဦးနှင့် အဘိဓမ္မာ(ဂုဏ်ထူး ဆောင်) တစ်နိုင်ငံလုံး ထူးချွန်တတိယဆုရ ကျောင်းသားတစ်ဦး၊ ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် မန္တလေးတိုင်းဒေသကြီး ထူးချွန်ဆု ရရှိသော ကျောင်းသား ခုနစ်ဦးတို့အား ဆုများချီးမြှင့်ပြီး ထူးချွန် ဆုရရှိအောင် သင်ကြားပေးသော ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် သင်တန်း ဆင်း ကျောင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သင်တန်းဆင်းကျောင်းသားများနှင့် ကျောင်းသား မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် မန္တလေးမှ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင် နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၁၆ ဦး၊ သိပ္ပံဘွဲ့ ၅၄ ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၄၆ ဦး စုစုပေါင်း ၁၁၆ ဦးဖြစ်ပြီး ယင်းတို့မှာ ကချင်တိုင်းရင်းသား လေးဦး၊ ကဒူးတိုင်းရင်းသား တစ်ဦး၊ ကနန်းတိုင်းရင်းသား တစ်ဦး၊ ကယားတိုင်းရင်းသား ငါးဦး၊ ကယန်းတိုင်းရင်းသား သုံးဦး၊ ကရင်တိုင်းရင်းသား ခုနစ်ဦး၊ ချင်းတိုင်းရင်းသား ကိုးဦး၊ ခမီတိုင်းရင်းသား လေးဦး၊ တိုင်းလျှန် တိုင်းရင်းသား နှစ်ဦး၊ တောင်ရိုးတိုင်းရင်းသား တစ်ဦး၊ ဓနု တိုင်းရင်းသား ခြောက်ဦး၊ နာဂတိုင်းရင်းသား ၁၃ ဦး၊ ပလောင် တိုင်းရင်းသား ခြောက်ဦး၊ ပအိုဝ်းတိုင်းရင်းသား ငါးဦး၊ ဗမာ တစ်ဦး၊ မွန်တိုင်းရင်းသား ခုနစ်ဦး၊ မြိုတိုင်းရင်းသား တစ်ဦး၊ ယင်းကြားတိုင်းရင်းသား တစ်ဦး၊ ရခိုင်တိုင်းရင်းသား သုံးဦး၊ ရှမ်းတိုင်းရင်းသား ၂၀ ဦး၊ လီဆူးတိုင်းရင်းသား တစ်ဦး၊ လာဟူးတိုင်းရင်းသား တစ်ဦး၊ သက်တိုင်းရင်းသား တစ်ဦး၊ 'ဝ' တိုင်းရင်းသား သုံးဦး၊ အာခါတိုင်းရင်းသား သုံးဦး၊ အင်းသား တိုင်းရင်းသား ခုနစ်ဦး စုစုပေါင်း ၁၁၆ ဦး ဖြစ်ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး ခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခ(ဌာနမှူး)၊ ကထိက၊ လ/ထကထိက၊ နည်းပြ၊ သရုပ်ပြများနှင့် တွေ့ဆုံ၍ လိုအပ်သည် များ ဆွေးနွေးမှာကြားပြီး ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံတို့ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်၌ ကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ယွန်းထည်ပစ္စည်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

❖ ဒုတိယသမ္မတမှ

ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ ပညာသင်နှစ်အလိုက် ဖွင့်လှစ်သင်ကြားပေးနိုင်မှုအခြေအနေ၊ သင်ကြားပေးသည့် ယွန်းပညာရပ်များ၊ သမဝါယမတက္ကသိုလ်ပေါင်းကူးဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းကိုလည်း ကျေးလက်၏ အသေးစားလုပ်ငန်းတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ရပ်တည်နိုင်ရန်သာမက မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ ဘာသာရပ်အဖြစ်ပါ ဆက်လက်ထိန်းသိမ်းနိုင်စေရန် ယွန်းထည်ပညာရပ်ကို အဓိက ဦးစားပေးထည့်သွင်းသင်ကြားပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ယွန်းနည်းစဉ်ခန်းမသို့ရောက်ရှိကြပြီး ယွန်းထည်လုပ်ငန်း အဆင့်ဆင့်ထုတ်လုပ်မှုနည်းစဉ်များနှင့် ကျောင်းသားကျောင်းသူများ၏လက်ရာမွန် ယွန်းထည်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ယွန်းထည်လက်မှုပစ္စည်းအရောင်းခန်းမ၌ ခင်းကျင်းပြသထားသည့် အနုပညာမြောက်ယွန်းထည်ပစ္စည်းများနှင့် ယွန်းပြတိုက်အတွင်း (၁၂)ရာစုမှ (၂၀)ရာစုအထိ စုဆောင်းပြသထားရှိသော ပုဂံ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အလိုက် ရှေးဟောင်းယဉ်ကျေးမှု ယွန်းထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

အဆိုပါ ယွန်းပညာကောလိပ်ကို “မြန်မာ့ယွန်းထည်လုပ်ငန်းအတတ်ပညာများ မတိမ်ကောမပပျောက်စေရေးအတွက် ထိန်းသိမ်းရန်၊ မြန်မာ့ရိုးရာယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ပြီး ရရှိသည့် နည်းပညာများကို ဖြန့်ဖြူးပေးရန်၊ ယွန်းအတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပျိုးထောင်ပေးရန်၊ ယွန်းထည်လုပ်ငန်းအတတ်ပညာသင်ကြားရေးကို ပညာသင်ကြားမှုနည်းလမ်းများနှင့် အညီ တိုးတက် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ယွန်းပညာတတ်ကျွမ်းနားလည်သော စီးပွားရေးပညာရှင်များပေါ်ထွန်းလာစေရန်”ဟူသည့် ရည်ရွယ်ချက်နှင့်အညီ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ ၁၉၂၄ ခုနှစ်တွင် အစိုးရယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့ယွန်းသိပ္ပံအဆင့်မှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ အနောက်ဖွားစောကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများ၏ ကျေးလက်အသေးစားလုပ်ငန်းဖြစ်သည့် အနုပညာလက်ရာမွန် မြန်မာ့ယွန်းထည်ပစ္စည်းများ ထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ယွန်းအချောထည်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး အခြေအနေများကို မေးမြန်းပြီး မြန်မာ့ရိုးရာယွန်းထည်ပစ္စည်းများကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု အဆင့်အထိ ကြိုးပမ်း ထုတ်လုပ်သွားရန်သာမက ကျေးရွာ၏ ယွန်းထည်ပစ္စည်းထုတ်လုပ်မှုနည်းစဉ်များကို ကမ္ဘာလှည့်ခရီးသွားများကပါ လာရောက်လေ့လာကြည့်ရှုခြင်း၊ မှတ်တမ်းတင်ခြင်းနည်းလမ်းတို့ဖြင့် နိုင်ငံခြားဝင်ငွေရရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ပညာတတ်များ ပိုမိုမွေးထုတ်နိုင်သည်နှင့်အမျှ မြန်မာ့ယွန်းထည်လုပ်ငန်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာတူးဖော်နေမှု၊ ထိန်းသိမ်းထားရှိမှု၊ မွမ်းမံပြီးနောက် ခင်းကျင်းပြသရန် ဆောင်ရွက်နေမှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံတို့ ညောင်ဦ
မြန်မာ့ယွန်းထည်ပစ္စည်းများ ထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ယွန်းအချောထည်မျာ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်များအရ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ တပ်နယ်ခန်းမ၌ ဇွန် ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁) ခူဦးရယ်၊ အတွင်းရေးမှူး(၂) ဦးအောင်ဆန်းမြင့်၊ ကရင်နီပြည်တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူးတို့ ဦးဆောင်သောအဖွဲ့သည် ကယားပြည်နယ် ဖားဆောင်းမြို့မှတစ်ဆင့် ဇွန် ၇ ရက်က ရောက်ရှိလာခဲ့ရာ ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဖားဆောင်းမြို့သို့ သွားရောက်၍ လည်းကောင်း၊ ဒေသခံပြည်သူလူထုက လွိုင်ကော်မြို့ဝင်မှ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဇွန် ၈ ရက် ညနေပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုအဆင့် ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ပြည်နယ်ရိပ်သာသို့သွားရောက်ပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား တွေ့ဆုံနှုတ်ဆက်ကာ အကြိုညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အစိုးရအဖွဲ့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နှစ်ဖက်အဖွဲ့အစည်းများ၊ ပြည်နယ်အဆင့် အကြီးအကဲများနှင့် ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဇွန် ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်းတို့ တက်ရောက်ကြပြီး ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁) ခူဦးရယ်၊ အတွင်းရေးမှူး(၂)ဦးအောင်ဆန်းမြင့်၊ ကရင်နီပြည်တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး ဦးဆောင်သောအဖွဲ့များ၊ နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအစပိုင်းတွင် နှစ်ဖက်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းမှုမှ ဖွံ့ဖြိုးမှုသို့ တက်လှမ်းနိုင်ရေး ဆန္ဒပြုကာ နှုတ်ခွန်းဆက်စကားများ အပြန်အလှန် ပြောကြားကြသည်။

ယင်းနောက် နှစ်ဖက်အဖွဲ့ခေါင်းဆောင်များသည် ပြည်နယ်အဆင့် ဆွေးနွေးပွဲ၌ ပဏာမ သဘောတူညီပြီး ဆက်လက်ဆွေးနွေးရန် တင်ပြထားသော အချက်(၂၀)အား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြပြီး ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ဆက်လက်၍ ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အစိုးရအဖွဲ့က ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာပြီးစီးခြင်း အထိမ်းအမှတ် ညစာစားပွဲကို တည်ခင်းဧည့်ခံရာ နှစ်ဖက်အဖွဲ့များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှ ကယားတိုင်းရင်းသားရိုးရာ အကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကယားပြည်နယ်မှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသူ မနေခြည်လင်းနှင့် မအယ်ဒိုဖောတို့အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တိုင်းရင်းသားခေါင်းဆောင် ခူဦးရယ်တို့က လည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားမောင်ဟိန်းကောင်းစံအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ဖက်အဖွဲ့များက ချစ်ကြည်ရေးအထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၆-၂၀၁၂ (
[၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ေ

၇း၀၀ ပရိတ်တရားတော်
၈း၃၀ “သွေးသစ္စာ”
၄း၃၀ အဝေးသင်တက္ကသိုလ်
ပညာရေးရုပ်မြင်သံကြား
သင်ခန်းစာ
-ဒုတိယနှစ်(ဥပဒေပညာအထူးပြု)
(ဥပဒေပညာ)
၅း၀၀ မြန်မာစာ၊ မြန်မာစကား
၅း၁၅ “ကျောင်းကလေးနဲ့ရွာလို့
အစပြုခဲ့တဲ့
တပ်ကုန်းမြို့နယ်က ကျောင်းရွာ”

ဓာတ်အားလိုအပ်သောနေရာများ

မန္တလေး

မန္တလေးမြို့တွင် လက်ရှိ အလှည့်ကျ
ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဓာတ်အားလို
ရချိန်အတွင်း အကြောင်းတစ်ခုခုကြောင့် ဓာ
နေရာများ၊ ဆေးရုံကြီးများ၊ ရေတွန်းစက်ရုံမ
အရန် ဖြည့်ဆည်းဓာတ်အားပေးနိုင်ရန်အတွ
မီးစက်၊ ၃၀၀ ကေဗွီမီးစက် ၂၄ လုံးအား မ
သိရသည်။ **(အောက်ပုံ)**



ဇီဝ မျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာတူးဖော်နေမှု၊ ထိန်းသိမ်းထားရှိမှု၊ မွမ်းမံပြီးနောက် ခင်းကျင်းပြသရန် ဆောင်ရွက်နေမှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အေဒီ (၁၀၉၁)ခုနှစ်က ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်သည့် အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြကာ အာနန္ဒာဘုရား၏ ထင်ရှားကျော်ကြားသည့် အနုပညာလက်ရာမွန်များ၊ အလင်းရောင်ယူပုံစနစ်၊ ဖွဲ့စည်းတည်ဆောက်ထားပုံ၊ ဗုဒ္ဓဝင်ဆိုင်ရာ ပန်းတမော့ကျောက်ဆစ်လက်ရာများ၊ နံရံဆေးရေးပန်းချီများနှင့် ယဉ်ကျေးမှုအမွေအနှစ်များအား ရှေးမူမပျက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အေဒီ (၉)ရာစု ပျဉ်ပြားမင်းလက်ထက်က တည်ဆောက်ခဲ့သည့် သရပါတံခါး (သရပါမြို့ဝင်ပေါက်) သို့ ရောက်ရှိကြပြီး ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အမွေအနှစ်များအား ရှေးမူမပျက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သရပါတံခါး (သရပါမြို့ဝင်ပေါက်)၏ အကျယ်မှာ ၁၄ ပေနှင့် ကြွင်းကျန်ရစ်သော အုတ်ရိုး၏ နံသားအမြင့်မှာ ၃၄ ပေဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သိရီဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမုံနှင့် အဖွဲ့ဝင်များသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် တုရင်တောင်စွယ်တော်မြတ်စေတီအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား စေတီတော်ပရိဝုဏ်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ရွှေစည်းခုံ၊ တန့်ကြည်တောင် စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစေတီနှင့် တုရင်တောင် စွယ်တော်မြတ်စေတီ နယ်နိမိတ်ကို ပုဂံရှေးဟောင်းယဉ်ကျေးမှုမြို့အဖြစ် သတ်မှတ်၍ ဘုရားစေတီ ပုထိုးစေတီများအား ရှေးဟောင်းလက်ရာမွန်ပုံစံအတိုင်း ထိန်းသိမ်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များကို အနှစ်သာရ မပျောက်ပျက်စေဘဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သားစဉ်မြေးဆက်အတွက် အမွေကောင်းအမွေခံအဖြစ် ဆက်ခံနိုင်စေရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်လာသည်နှင့်အမျှ နိုင်ငံတော်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တုရင်တောင် စွယ်တော်မြတ်စေတီ၏ သာသနိကအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စေတီတော်ပရိဝုဏ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ကာ သာသနိကအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညောင်ဦးလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာလာကြရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမုံတို့ ညောင်ဦးမြို့အနောက်ဖွားစောကျေးရွာ၌ ဒေသခံပြည်သူများ၏ အနုပညာလက်ရာမွန် ယွန်းထည်ထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ယွန်းအချောထည်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ်ရာ မြင်ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၆-၂၀၁၂ (တနင်္လာနေ့)

[၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]

၇း၀၀	ပရိတ်တရားတော်
၈း၃၀	"သွေးသစ္စာ"
၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၀	မြန်မာစာ၊ မြန်မာစကား
၅း၁၅	"ကျောင်းကလေးနဲ့ရွာလို့ အစပြုခဲ့တဲ့ တပ်ကုန်းမြို့နယ်က ကျောင်းရွာ"
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး" (အပိုင်း-၁၀)**
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ကမ္ဘာကျော်သရုပ်ဆောင်များ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၁၃)** -အိန္ဒိယရုပ်ရှင် **"အချစ်ကိုသိချိန်" (အပိုင်း-၃)**

ဓာတ်အားလိုအပ်သောနေရာများ မီးစက်ကြီးများဖြင့်ဖြည့်ဆည်း

မန္တလေး ဇွန် ၁၀

မန္တလေးမြို့တွင် လက်ရှိ အလှည့်ကျဓာတ်အားပေးနေမှုတွင် ဖြည့်ဆည်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဓာတ်အားလိုအပ်လျက်ရှိသော နေရာများ၊ ပုံမှန်မီးရချိန်အတွင်း အကြောင်းတစ်ခုခုကြောင့် ဓာတ်အားရရှိမှု အချိန်လျော့နည်းသော နေရာများ၊ ဆေးရုံကြီးများ၊ ရေတွန်းစက်ရုံများတွင် ဓာတ်အားပြတ်တောက်ချိန်၌ အရန် ဖြည့်ဆည်းဓာတ်အားပေးနိုင်ရန်အတွက် ပြည်ပမှ မှာထားသော ၅၀၀ ကေဗွီမီးစက်၊ ၃၀၀ ကေဗွီမီးစက် ၂၄ လုံးအား မန္တလေးခရိုင်အတွင်း ချထားကြောင်း သိရသည်။ **(အောက်ပုံ)** **(သီဟ)**

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ

ရန်ကုန် ဇွန် ၁၀

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် ခေါင်းဆောင်သည့် ကော်မတီဝင်များသည် ဇွန် ၉ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။ (အောက်ပုံ)

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ခရီးစဉ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအပြင် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စများနှင့် စပ်လျဉ်းပြီး တစ်နှစ်တာကာလအတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများ ကျင့်သုံးရာ၌ တွေ့ကြုံနေရသော အားနည်းချက်၊ အားသာချက်များအပေါ် ရှင်းလင်းအကြံပြုပေးရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူတို့က အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မတီဝင်များက ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ဆရာအတတ်သင်ကျောင်းများမှ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ကော်မတီ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များဖြစ်သော တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်မှု ပိုမိုတည်ဆောက်နိုင်ရန်၊ စည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းဖော်ဆောင်နိုင်ရန်၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အစဉ်ထာဝရ ချစ်ကြည်ရင်းနှီးမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရန်၊ တိုင်းရင်းသားလူမျိုးများ၏မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာလေ့လာရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ လေ့လာရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများကို လေ့လာရန်ရည်ရွယ်၍ ယခုကဲ့သို့ ကွင်းဆင်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားကာ ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်က ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဥပဒေပညာရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန့်စင်ခန်းပါ အဆင့်မြင့်ယာဉ်များ ဘဏ်စနစ်ဖြင့် အရစ်ကျရောင်းချမည်

မန္တလေး ဇွန် ၁၀

ဂျာမနီနည်းပညာဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်ထားသော Young Man Bus ကားများအား ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်များတွင် ဇွန်လဒုတိယပတ်မှစ၍ ပြေးဆွဲတော့မည်ဖြစ်သည်။ Young Man အဆင့်မြင့်လေအိတ်ကားကြီးများတွင် အဆင့်မြင့်သန့်စင်ခန်းပါရှိပြီး အောက်ထပ်တွင် ယာဉ်မောင်းခန်း၊ ပစ္စည်းထားသိုခန်းတို့ ပါရှိကာ ခရီးသည်များသက်သောင့်သက်သာ စီးနင်းနိုင်သော ထိုင်ခုံကျယ် ၃၇ ခုံဖြင့် ဖွဲ့စည်းထားသည်။ **(ယာပုံ)**

ဂျာမနီနိုင်ငံ ထိပ်တန်းမော်တော်ကားကုမ္ပဏီ Man SE ကုမ္ပဏီက တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံထုတ်လုပ်ထားခြင်းဖြစ်သည်။ ခရီးသည်များ အန္တရာယ်ကင်းစေရေးအတွက် ESP ဘရိတ်စနစ်ပါရှိသည်။ အဆင့်မြင့် ခရီးသည်တင်ကားများအားဘဏ်စနစ်ဖြင့် အရစ်ကျရောင်းချပေးမည်ဖြစ်ပြီး ရွှေနန်းတော်ယာဉ်လိုင်း၊ ရာဇာအောင်ယာဉ်လိုင်းများတွင်လည်း လိုင်းကြေးပေးရန်မလိုဝင်ရောက်ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

(ကိုကို)

ရန်ကုန်တစ်ပတ်

တက်နေဝန်း

ကျွန်တော်တို့ငယ်ငယ်က ကျောင်းသင်ခန်းစာတစ်ခုရှိခဲ့ဖူးပါတယ်။ ကမ္ဘာတစ်ပတ် ရက် ၈၀ လို့ အမည်ရပါတယ်။ အနောက်ကနေ သင်္ဘောနဲ့ပတ်လိုက်တာ အရှေ့အိန္ဒိယကျွန်းစု၊ အဲဒီမှနောက်သို့ပြန်လာပြီး မူလထွက်ခဲ့တဲ့နေရာအရောက် ရက်ပေါင်း ၈၀ ကြာပါတယ်။

ယခုလည်း ရန်ကုန်တစ်ပတ်ကြည့်တာ မူဝါဒတွေပြောင်းလဲပြီး လွတ်လပ်ခွင့်တွေ ပေးပြီဖြစ်တဲ့အတွက် ပွင့်လင်းလာပြီလို့ ဆိုရမှာဖြစ်တယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေတော့ တစ်ခုကောင်းမှ နောက်တစ်ခုလည်း ကောင်းမှာဖြစ်တော့ ကောင်းအောင်ပြုပြင်နိုင်ဖို့ ကောင်းအောင်ပြောကြရတာလည်း သင့်ပါတယ်။

သာဓကအားဖြင့် လှိုင်သာယာမှာ (၁၆)ရပ်ကွက်ဆိုတာ ရှိပါတယ်။ အဲဒီမှာ ကျန်စစ်သားလမ်း၊ ရမည်းသင်းလမ်း၊ အင်းဝလမ်း၊ သူရိယလမ်းဆိုပြီး ရှိတဲ့လမ်းတွေဟာ တစ်နှစ်ပတ်လုံးရေဝပ်နေပါတယ်။ ရေကလည်း ရေဆိုးရေပုပ်။ ချိုးတဲ့ရေ၊ အညစ်အကြေးရေတွေဟာအပြင်မထွက်ပါဘူး။ မိုးတွင်းဆိုရင် ရေဆိုးရေပြင်ကြီးပေါ့။

ဘာလို့လဲဆိုတော့ အိမ်ရှေ့မြောင်း၊ နောက်ဖေးမြောင်း မရှိလို့ပါပဲ။ ဒါကို ပြုပြင်ဖို့ဆိုတာကလည်း တစ်ရပ်ကွက်လုံးလုပ်ရမယ့်ကိစ္စ၊ စီမံချက်ချပြီး လုပ်ရမယ့်ကိစ္စ၊ ရေဆင်းဖို့ဆိုတာ တကယ်လုပ်မယ်ဆိုရင် သိပ်မခဲယဉ်းဘူးလို့ ထင်ပါတယ်။ တောင်ဘက်မှာ ရပ်ကွက်ထက် ၁၀ ပေလောက်နိမ့်တဲ့ စူလတန်ချောင်းရှိပါတယ်။ ချောင်းထဲကို ရေထုတ်မြောင်းဖောက်ပေးလိုက်ရုံပါပဲ။ ကျန်စစ်သားလမ်းက မော်တော်ကားပြေးနေတော့ စည်ကားပါတယ်။ ဈေးအရောင်းအဝယ်လည်း ရှိပါတယ်။ အဲဒီကအိမ်တွေက ကိုယ့်အားကိုယ်ကိုးပြီး အုတ်မြောင်းတွေ လုပ်ကြပါတယ်။ မလုပ်တဲ့ အိမ်လည်း မလုပ်ကြပါဘူး။ လုပ်တဲ့အိမ်ကလည်း အိမ်ခြံစည်းရိုးနဲ့မြောင်းက အတော်ကွာပါတယ်။ အမှန်က ခြံစည်းရိုးနဲ့မြောင်းက အလွန်ဆုံး တစ်ပေ၊ နှစ်ပေကွာရမှာ၊ ဒီလိုမဟုတ်ဘဲ ထင်သလိုလုပ်နေကြတော့ သက်ဆိုင်ရာက ထိန်းပေးသင့်တယ်လို့ ထင်ပါတယ်။

နောက်လမ်းထိပ်တွေမှာ၊ ထောင့်ကွက်တွေမှာ လမ်းမြေဧရိယာအတွင်းထဲကို ကျူးကျော်ပြီးတော့ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်တွေဖွင့်ထားလို့ လမ်းလည်း ပိတ်ဆို့ပါတယ်။

ဥပမာ သူရိယလမ်းထိပ်၊ သာစည်လမ်းထိပ်မှာ မြောင်းမရှိပါဘူး။ ခြံစည်းရိုးထက် ၁၀ ပေတိုးချဲ့ထားပါတယ်။ နှစ်ဖက်တိုးချဲ့ထားတော့ ပေ ၂၀ လမ်းက ၁၀ ပေပဲ ရှိတော့ပါတယ်။ ဆိုင်ခန်းဆောက်ပြီး ငှားစားကြပါတယ်။

ရှေ့တစ်ဆင့်တက်ပြီး လှိုင်သာယာရုံးရှေ့ကိုသွားရင် ရုံးရှေ့ဆိုတာ ယခင်ရုံးရှေ့ လမ်းလေးခွမှာ နံနက်တိုင်း ၈ နာရီလောက်ဆိုရင် လမ်းပိတ်ပါပြီ။ အဖြေကတော့ ကားမှတ်တိုင်ကြောင့်ပါပဲ။ လမ်းလေးခွမှာမှတ်တိုင်လုပ်ပြီး ရပ်ချင်သလို ရပ်ကြပါတယ်။ နောက်ကကားဘာဖြစ်ဖြစ် မထွက်ပါဘူး။ ဟိုတစ်ဖက် တောင်မြောက်သွားချင်တဲ့ ကားက အတင်းတိုးဝင်ပါတယ်။ အလယ်မှာကန့်လန့်ကြီး ဖြစ်နေတတ်ပါတယ်။ အရှေ့ အနောက်သွားချင်တဲ့ကားတွေက ကျော်တက်ပါတယ်။ ယာဉ်သုံးထပ်ဖြစ်သွား ပါတယ်။ လမ်းပိတ်သွားရင် ရှင်းပေးမယ့်သူမရှိပါဘူး။ နောက်ပြန်ဆုတ်လို့ မရတော့ ပါဘူး။ ကားတန်းကြီးက အောင်ဇေယျတံတားထိ ရောက်တတ်ပါတယ်။ မိနစ်သုံးဆယ်၊ တစ်နာရီကြာတတ်ပါတယ်။

ရှေ့ဆက်သွားရင် အင်းစိန်မီးရထားခုံးကျော်တံတားအထိ ပိတ်တတ်ပါတယ်။ တစ်ခါက ညာဘက်သွားလမ်း ဖရီးဝေးသွားလို့ရအောင် တံတားဆောက်ဖို့ တိုင်းတာနေတာတွေ့ရတယ်။ နောက်မလုပ်ဖြစ်တော့ပါဘူး။ ညာဘက်မှာ ဥယျာဉ် တစ်ခုရှိပါတယ်။ အဲဒီဥယျာဉ်ကိုချဲ့ပြီး ခုံးကျော်တံတားအဆင်းလုပ်ရင် ညာဘက် ဖရီးဝေး လမ်းချောင်သွားမယ်။ လမ်းပိတ်ဆို့မှု သက်သာသွားမယ်လို့ထင်ပါတယ်။

နောက်ဆုံး မဟာဗန္ဓုလပန်းခြံ၊ ယခင်ကဆိုင်ခန်းတွေရှိပါတယ်။ ယခု မရှိတော့ ပါဘူး။ အိမ်သာပဲကျန်ပါတယ်။

ကုန်သည်လမ်းရဲ့ တစ်ဘက်သွားလမ်း အရှေ့မှအနောက်သို့သွားတဲ့နေရာမှာ ကားပါကင်ရှိပါတယ်။ ကားလမ်းပိတ်ပါတယ်။ ယာဉ်တိုက်မှုလည်း ဖြစ်တတ်ပါတယ်။

နောက်တော့ ရထားစီးပြီးပြန်မယ်ဆိုရင် ညနေ ၄ နာရီ ၃၅ မိနစ်မှာ လျှော်ကားရထားကို စီးရပါတယ်။ ရထားလက်မှတ်မှာ ကျပ်တစ်ရာပေးရပါတယ်။ ရထားပေါ်မှာ အမှိုက်မရှိတော့ပါဘူး။ ကုန်ထမ်းတွေလည်း မတွေ့ရတော့ပါဘူး။ ခရီးသည်တွေလည်း ချောင်ချိသွားပါတယ်။ ယခင် ရထားစီးရတုန်းကအဖြစ်ကို သတိရပါတယ်။ စက်ခေါင်းကလည်း ပျက်တယ်။ ရထားတွဲတချို့နေရာမှာ သံချက်တွေ ပြုတ်နေတတ်တယ်။ လှုပ်စိလှုပ်စိ ယိုင်တိုင်ယိုင်တိုင်နှင့် အောက်ကသံလမ်းလည်း ဒိုင်းခနဲဒိုင်းခနဲ ဟိုပြေးဆောင့် ဒီပြေးဆောင့်နှင့် ပုခက်စီးရသလိုပါပဲ။

ရေခဲရေရောင်းတဲ့ ကလေး ဒီဘက်ရထားကနေ ရန်ကုန်ဘက်သွားတဲ့ရထားကို ပြေးအတက် ရထားအောက်ရောက်သွားတာ ကြုံဖူးပါတယ်။ ဒိန်ချဉ်သည် ရထား ထွက်ခါနီးမှတက်မိတာ ဗန်းကြီးနဲ့ချော်ပြီး ရထားအောက်ရောက်သွားတာလည်း ကြုံဖူး ပါတယ်။ တစ်လတစ်ခါ၊ နှစ်လတစ်ခါဆိုသလို မသေသင့်ဘဲ သေဆုံးကြရပါတယ်။ ကမာရွတ်ဘူတာအနီးမှာ လမ်းချော်ဖူးပါတယ်။ တညင်းကုန်းဘူတာအနီးမှာလည်း လမ်းချော်ဖူးပါတယ်။

ယခု ကောင်းသွားပါပြီ။ သံလမ်းအောက်မှာ ကွန်ကရစ်ဇလီဖားတုံးတွေ နှစ်ပေ ကြားခံထားပါတယ်။ ရထားအလိုင်းမင့် အတော်ညီသွားတာတွေ့ရပါတယ်။ ညီသွား လို့ ရထားဘယ်လောက်ခုတ်ခုတ် မလှုပ်တော့ပါဘူး။ ဒိုင်းခနဲ ဒိုင်းခနဲ ပြေးမဆောင့် တော့ပါဘူး။ ငြိမ်သွားပါတယ်။ နေရပ်ကိုပြန်ရောက်ပြီး ၁၈-၅-၂၀၁၂ ညနေ ၆ နာရီမှာ အောင်ဇေယျမြစ်ကူးတံတားပေါ်ကဖြတ်အလာ ကားတိုက်မှုဖြစ်တာ ကြုံပါ တယ်။ လှိုင်သာယာဘက်အဆင်းမှာ တောင်နဲ့မြောက်သွားတဲ့ တပင်ရွှေထီးလမ်း ရှိပါတယ်။ ဒိုင်နာသစ်တင်ကားက ခုံးပေါ်ကဆင်းအလာ မြောက်ဘက်က တပင် ရွှေထီးလမ်းဘက်က ဒိုင်နာတစ်စီး ခေါင်းပြူပြီးအထွက် စက်ဘီးတစ်စီးကို ကျော်တက် မိတော့ စက်ဘီးသမားကို သစ်တင်ဒိုင်နာက တိုက်ပါတယ်။ ခေါင်းပြူထွက်လာတဲ့ ဒိုင်နာယာဉ်ကိုလည်း ဆက်တိုက်ပါတယ်။ စက်ဘီးသမားလည်းသေ၊ သစ်တင်ကားပေါ်က သုံးဦးလည်း သေဆုံးပါတယ်။

ဘယ်လိုလုပ်သင့်ပါသလဲ။ မီးပွိုင့်ထားရင်ကောင်းမလား၊ အစောင့်ချထားရင် ကောင်းမလား။ မကြာသေးတဲ့ကာလက အဖြစ်အပျက်တစ်ခုက ဒီလိုပါပဲ။ ရွှေဧည့်သည်ကားက လှိုင်သာယာဘက်ကိုအဆင်း (၂၂၄)ဒိုင်နာက အင်းစိန် ဘက်ကိုအသွား ခုံးကိုအတက်မှာ လူအပြည့်နဲ့ရွှေဧည့်သည်က တိုက်ချလိုက်တာ အသေအပျောက်ကိုတော့ ဆေးရုံမှတ်တမ်းမှာပဲ ကြည့်နိုင်ပါတယ်။

နောက်တစ်ကြိမ် (၂၀၂) ကားက ဘရိတ်ပေါက်ပြီး ခုံးပေါ်ကဆင်းအလာ ရှေ့ကသွားနေတဲ့ ဂါလီသမားကိုကြိတ်မိပြီး ဂုန်လျှော်ဖယ်ရီကိုဆက်တိုက်မိလို့ ဝန်ထမ်းအမျိုးသမီးသေသွားတဲ့အဖြစ်တွေက သင်ခန်းစာယူစရာတွေပါပဲ။ ။

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲ ကျင်းပရေးဆွေးနွေးပွဲ၌ ဆွေးနွေးတင်ပြစဉ်။ (အလေးမအဖွဲ့ချုပ်)

အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲကျင်းပရေး ဆွေးနွေး

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ဇွန် ၅ ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက် မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှလူငယ်နှင့် အငယ်တန်းအလေးမ တံခွန်စိုက်ပြိုင်ပွဲ (Asian Youth & Junior Weightlifting Championships 2012) စည်ကား သိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ ပြိုင်ပွဲအတွက် Sponsor များ ရရှိရေးကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများအား ဘူဂေးရီးယား နည်းပြ Mr. Trandafil Stoyches နှင့် လေ့ကျင့်နေမှုအခြေအနေများနှင့် အားကစားသမားများ အား ပံ့ပိုးပေးနိုင်ရေးကိစ္စများကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရ ရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

ပေါ်တူဂီအသင်းအား ဂိုမက်ဇ်၏ တစ်လုံးတည်းသောဂိုးဖြင့် ဂျာမနီအနိုင်ရရှိ

ယူကရိန်း ဇွန် ၁၀

ယူရို ၂၀၁၂ အုပ်စုဘီ၏ ဒုတိယပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ယူကရိန်းနိုင်ငံ အာရီနာအယ်လ်ဗစ်ကွင်းတွင် ဂျာမနီနှင့်ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျာမနီအသင်းက ပေါ်တူဂီအသင်းကို ဂိုမက်ဇ်၏တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းတွင် နျူအာ၊ ဟွမ်မဲလ်၊ ဘတ်စတူဘာ၊ လမ်း၊ ဘိုတန်၊ ခီဒီယာ၊ ချဝိစတိုင်ဂါ၊ အိုဇေးလ်၊ မူလာ၊ပိုဒေါ့စကီး၊ ဂိုမက်ဇ်တို့ပါဝင်ခဲ့ပြီး ပေါ်တူဂီအသင်းတွင် ရူပက်ထရစီယို၊ အဲဗက်စ်၊ ပီပီ၊ အိုအန်ထရာအို၊ ဂျာအိုပီရိန်ရာ၊ ဗီလိုဆို၊ ဂျာအိုမော်တင်ဟို၊ မီယာလက်စ်၊ နာနီ၊ ရော်နယ်ဒိုပေါ်စတီဂါတို့ပါဝင်ကစားခဲ့သည်။

ဂျာမနီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဂိုမက်ဇ်က ခေါင်းတိုက်သွင်း ယူနေစဉ်။

ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုကို အသာစီးရယူကာ ထိန်းကစားရင် ပေါ်တူဂီအသင်းဘက်မှ တန်ပြန်တိုက်စစ်ကိုလည်း တားဆီးနိုင်ခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ပိုဒေါ့စကီး ကန်ခွင့်ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ပေါ်တူဂီအသင်း ပွဲချိန် ၄၃ မိနစ်တွင် ပီပီ ဂိုးသွင်းယူရန် ကြိုးစားခဲ့သော်လည်း ဂိုးတိုင်ဘေး ကပ်ထွက်သွားခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၈၆ မိနစ် ပေါ်တူဂီ၏ အဓိကကစားသမားဖြစ်သော ရော်နယ်ဒိုကိုထိန်းချုပ်ရန် တာဝန်ယူထားသော ဂျာမနီ၏ခံစစ်မှူး ဘိုတန်သည် ရော်နယ်ဒိုအား ခပ်ကြမ်းကြမ်းကစားမိသဖြင့် အဝါကတ်ပြ သတိပေးခြင်းခံခဲ့ရသည်။ ပွဲချိန် ၇၁ မိနစ်တွင် ခီဒီယာ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဂိုမက်ဇ်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ဦးဆောင်ဂိုး တစ်ဂိုးပေးလိုက်ရပြီးနောက် ပေါ်တူဂီချေပဂိုးနှင့် အနိုင်ဂိုး ရရှိရေးအတွက် အထူးကြိုးစားကစားခဲ့ကြရာ ပွဲချိန်မိနစ် ၈၀ တွင် ရော်နယ်ဒို၏ အဝေးမှကန်သွင်းမှုနှင့် ဗာရီလာ၏ ထိုးဖောက်ဂိုးသွင်းယူမှုတို့ကိုလည်း ဂျာမနီဂိုးသမား နျူအာ ကာကွယ်နိုင်ခဲ့သည်။

ဂျာမနီအသင်းသည် လာမည့်ပွဲစဉ်တွင် ဟော်လန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အနိုင်ရလျှင် နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်ပြီး ဟော်လန်အသင်းသည် ဒိန်းမတ်အသင်းကိုရှုံးနိမ့်ထားရာ ၎င်းပွဲစဉ်ကို အနိုင်ရရှိအောင် အထူးကြိုးစားရမည်ဖြစ်၍ ထိုပွဲစဉ်သည် ပရိသတ်အကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ်မည်မှာ သေချာပေသည်။

ကိုဇော်

ယူရို ၂၀၁၂ အုပ်စုပတ်လည်ပွဲစဉ် အနိုင်/အရှုံး ရလဒ်

၁၀ - ၆ - ၂၀၁၂

အုပ်စု(C)	စပိန်	၁ - ၁	အီတလီ

ပိုလန်ကြယ်ပွင့် ရောဘတ်လီဝန်ဒိုစကီးအားခေါ်ယူရန် မန်ယူသဘောတူ

မန်ချက်စတာ ဇွန် ၁၀

မန်ယူအသင်းသည် ၎င်းတို့၏ နွေရာသီ အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှု အနေဖြင့် ပိုလန်၏ရေပန်းစား ကစားသမား ရောဘတ်လီဝန်ဒိုစကီးအား ခေါ်ယူရန် အသင့်ရှိနေသည်ဟုဆိုသည်။

အသက် (၂၃)နှစ်အရွယ်ရှိ ပိုလန်နှင့် ဒေါ့မွန်တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ပိုလန်နှင့် ယူကရိန်းပူးတွဲကျင်းပသည့် ယူရို ၂၀၁၂ ပြိုင်ပွဲ၏ ပိုလန်နိုင်ငံ ဝါဆောမြို့ အမျိုးသားအားကစားရုံ၌ ယှဉ်ပြိုင်ခဲ့သည့် အုပ်စု (A)၏အဖွင့်ပွဲစဉ်ဖြစ်သည့် ပိုလန်နှင့် ဂရိတို့၏ ပွဲစဉ်တွင် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။

ပိုလန်၏ နာမည်ကြီးကစားသမား ရောဘတ်လီဝန်ဒိုစကီးအား မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် သဘောတူညီချက်ရရှိခဲ့ပြီး ယူရို ၂၀၁၂ ပြိုင်ပွဲအပြီးတွင် အပြီးသတ် စာချုပ်ချုပ်ဆိုခေါ်ယူမှု အဆုံးသတ်မည်ဖြစ်ကြောင်း မန်ယူအသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မန်ယူအသင်းသည် တိုက်စစ်မှူး လီဝန်ဒိုစကီးအား တစ်ပတ်လုပ်ခ ပေါင် ၇၀၀၀၀ ဖြင့်လေးနှစ်သက်တမ်းရှိ စာချုပ် တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ပြီး တိုက်စစ်မှူး ရွန်းနီနှင့်အတူ တွဲဖက်ကစားရန်အတွက် လီဝန်ဒိုစကီးအားပြီးခဲ့သည့် ဘောလုံးရာသီကတည်းက စောင့်ကြည့်နေခဲ့ကြောင်း ဖာဂူဆန်က ပြောကြားခဲ့သည်။

ဒီမီတာဘာဘာတော့ဗ်နှင့် မိုက်ကယ်အိုဝင်တို့က အိုးထရက်ဖို့ဒ်မှထွက်ခွာမည်ဟုပြောကြားခဲ့ပြီးနောက် နည်းပြဖာဂူဆန်အနေဖြင့် တက်သစ်စလူငယ်ကစားသမားများနှင့် နာမည်ကြီးကစားသမားများကိုခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဖွင့်ဟခဲ့သည်။

အင်တာနက်။



အသက် (၂၃)နှစ်အရွယ်ရှိ ပိုလန်နှင့် ဒေါ့မွန်တိုက်စစ်မှူး လီဝန်ဒိုစကီး။

ဗန်ပါစီ၏ လွဲချော်မှုများနှင့်ပတ်သက်၍ ဟော်လန်နည်းပြ အကာအကွယ်ပေးခဲ့

ဟော်လန်အသင်း၏ အဓိကတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ။

နိုင်လင်းကြည်

ကာကစ်ဗ် ဇွန် ၁၀

ယူကရိန်းနိုင်ငံ ကာကစ်ဗ်မြို့တွင် ကျင်းပခဲ့သည့် ယူရို ၂၀၁၂ ပြိုင်ပွဲ၏ အုပ်စု (B) အဖွင့်ပွဲစဉ် ဖြစ်သည့် ဟော်လန်အသင်းနှင့် ဒိန်းမတ်အသင်းတို့၏ပွဲစဉ်တွင် ဟော်လန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး အဆိုပါပွဲစဉ်၌ အာဆင်နယ်နှင့် ဟော်လန်အသင်း၏ အဓိကတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် အခွင့်အရေးအမြောက်အမြား ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ထို့ကြောင့် ဗန်ပါစီအား ဝေဖန်ခြင်း မရှိစေရေးအတွက် ဟော်လန်အသင်းနည်းပြ ဘတ်ဗန်မာဝှစ်ခ်က အကာအကွယ်ပေးပြောကြားခဲ့ကြောင်း ဇွန် ၁၀ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

ဗန်မာဝှစ်ခ်ကိုင်တွယ်သည့် ဟော်လန်အသင်းသည် ဂိုးအဖြစ်ပြောင်းလဲစေနိုင်သည့်အခွင့်အလမ်းများနှင့် ကြုံခဲ့ရသော်လည်း ၎င်းတို့၏အဖွင့်ပွဲစဉ်တွင် ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

အဆိုပါပွဲစဉ်တွင် ရော်ဘင်ဗန်ပါစီသည် အခွင့်အရေးအမြောက်အမြား ရရှိခဲ့သော်လည်း ဟော်လန်အသင်းသည် ဂိုးလာဘ်မရှိသောအသင်းဟုသာ နည်းပြဗန်မာဝှစ်ခ်က ပြစ်တင်ခဲ့သည်။

ရော်ဘင်ဗန်ပါစီ တစ်ဦးတည်းသာ လျှင်မဟုတ်ဘဲ ဟော်လန်ကစားသမား လေးငါးခြောက်ဦးမှာ အခွင့်အရေး အများအပြားရရှိခဲ့ကြောင်း၊ သို့သော် အသုံးမချနိုင်ခဲ့ကြောင်း၊ ဟော်လန်အသင်းသည် ကွာတားဖိုင်နယ် တက်ရောက်ရန် ကြိုးပမ်းနေသည့် ဂျာမနီနှင့်ပေါ်တူဂီတို့နှင့်အတူ မရဏအုပ်စုထဲတွင် ကျရောက်ခဲ့ခြင်းကြောင့် သာဖြစ်ကြောင်း ဗန်ပါစီအား ပြစ်တင်ဝေဖန်မှုများမှကင်းလွတ်ရန် ဟော်လန်နည်းပြ ဗန်မာဝှစ်ခ်က အကာအကွယ်ပေး ပြောကြားခဲ့သည်။

အင်တာနက်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရွှေနဂါး ပလက်တီနမ်နှင့်ရွှေဆိုင်

မိုးရာသီအထူးလျှော့ဈေး

ပလက်တီနမ်ပစ္စည်းအားလုံးကို ၁၀%(သို့) ၁၀၀၀၀လျှော့ပေးပါသည်။ ပစ္စည်းတစ်မျိုးဝယ်လျှင် တစ်မျိုး အခမဲ့ဆေးပေးပါသည်။

ဆိုင် (၁)- အမှတ်(၄၄၂)၊ လမ်း-၈၀၊ ၂၇×၂၈လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၃၃၇၇၁၊ ၀၂-၂၁၆၃၄၊ ၀၉-၂၀၀၄၅၀၃၊ ၀၉-၅၁၁၇၇၆၉

ဆိုင် (၂)- အမှတ်(၁၃၃)၊ လမ်း ၃၀×၈၄လမ်းထောင့်၊ မန္တလေး၊ ဖုန်း-၀၂-၇၁၁၈၁၊ ၀၉-၂၀၀၄၅၀၃

ဆိုင် (၃)- အမှတ်(၀၁/၀၂)၊ လမ်းမတော်ပလာဇာ၊ သံဈေးအနီး၊ လမ်းမတော်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၁၂၇၄၊ ၀၁-၃၈၅၄၅၄

ဆိုင် (၄)- အမှတ်(၆၁၇)၊ မဟာဗန္ဓုလလမ်းနှင့် (၂၂)လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၂၁၂၇၇၊ ၀၉-၇၃၀၂၂၁၀၉

E-mail:gdgs @ mandalay.net.mm

Diploma in Human Resources Management

STI Education

ပုတ်ပြီ

အမည်ပြောင်း

တစ်ဦးတည်းဖြစ်ကြောင်း

အနောက်ပိုင်းတက္ကသိုလ်၊ မြန်မာစာ နောက်ဆုံးနှစ်ကျောင်းသူ မခင်သိန်းရွှေ၏ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ(ခ)ဦးကျော်ရွှေဖြစ်ပါသည်။

Wisdom House

၉၀

ENVOY News Journal

For The National Interest.

THE NATION

News Journal

မြန်မာတို့အတွက်

The Myanmar Post

အမည်ပြောင်း

ရန်ကင်း TTC ပဥ္စမတန်း(A)မှ အဖဦးသီဟဇော်၏သားဖြစ်သူ မောင်ခရစ္စတိုကျော်ဇေယျမင်းအား ယနေ့မှစ၍ မောင်ခရစ္စတိုကျော်သီဟမင်းဟု ခေါ်ပါရန်။

အမည်ပြောင်း

ဦးကျော်ဇေယျ [၇/မလန(နိုင်)၀၀၁၀၂၃]၏သား အထက(ညောင်ပင်သာ) သတ္တမတန်း(C) မှ မောင်ကျော်ထက်ဦးအား မောင်ကျော်ထက်ကောင်းခန့် ဟု ပြောင်းလဲခေါ်ပါရန်။

ကျော်ထက်ကောင်းခန့်

တစ်နှစ်ပြည့် အထူးထုတ် LOOK မဂ္ဂဇင်း

ထွက်ပြီ

asp

အောင်ဆုပိုင်

အောင်ဆုပိုင်အုပ်စု ကုမ္ပဏီလီမိတက်



Fuel Dispensers

Auto Vent

Design

(၃)လုံးနှင့် အထက် ဝယ်ယူသူများကို Special Discount အပြင် ဓါတ်ဆီများအခငွေ့ပျံခြင်းကို ကာကွယ်ပေးနိုင်သည့် ကိရိယာ Auto Vent (၁)လုံးလက်ဆောင်ပေးမည်။

အာရှနိုင်ငံများနှင့် အလှူးသင့်လျော်၍ အကြေမီးခံပါသည်။

တစ်နှစ်အာမခံပေးပါသည်။

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့

မုံရွာဆရာမိုး ရဲ့

ဆောက်တစ်လုံးဝမ်းမှန်ဆေး

CHERRY OO
WATCH GALLERY

နာရီဆိုလျှင် ချယ်ရီဦးမှ နှစ်သစ်သို့ ရက်ပေါင်း (၄၀) အစီအစဉ်တွင်
ချယ်ရီဦးမှ ဝယ်ယူအားပေးခဲ့ကြသော နာရီချစ်သူများ၏ ဆန္ဒများအတိုင်း ရွေးချယ်ပေးခဲ့သည့်
နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ သဃ်န်းကျွန်းသက်ကြီးဂေဟာ၊ ကန်တော်လေးဘိုးဘွားရိပ်သာ၊
မင်းကွန်းဘိုးဘွားရိပ်သာ၊ ရွှေဂုံတိုင်ကလေးပြုစုရေး၊ မျက်မမြင်သင်တန်းကျောင်းအသီးသီးတို့အား
(၃.၆.၂၀၁၂) နေ့တွင် သွားရောက်လှူဒါန်းပြီးဖြစ်ပါကြောင်း ချယ်ရီဦးမှ သတင်းကောင်းပါးအပ်ပါသည်။

NAING Family Company (CHERRY OO)

ထွက်ပြီ

FATHER'S DAY

ဖခင်များနေ့ အထူးအစီအစဉ်အဖြစ်
(11-6-2012 မှ 16-6-2012) နေ့အတွင်း ကြွရောက်လာသူ
ဧည့်သည်တိုင်းအတွက်
Three for One free (Suki Buffet for next visit)
နှင့် (17-6-2012) နေ့တွင် ကြွရောက်လာသူ
အမျိုးသားတိုင်းအတွက်
One for One free (Suki Buffet for next visit)
ပေးအပ်သွားမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

Phone : 229904, 229905, Hp : 09 512 7295

Global-Agency (Global-HR Services Co., Ltd) Licence
No. 76/2011

Keppel Fels Limited (Main Yard)
50 Gul Road, Singapore 629351.

1.Welders
2.Steel Fitters

• သင်တန်းကြေး
• နေစရာ
Free!!!

(Passport)

Singapore 03-31 Peninsula Plaza

GREEN LAND

Ph: 73214784

ဖခင်အမည်မှန်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(ပညာနန်းတော်) ပုဂ္ဂလိကကျောင်းတွင် ပဥ္စမတန်း(က)၌ ပညာသင်ကြားနေသူ မောင်အယ်ချမ်းငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးစောအောင်မိုးသူ[၁၀/ကထန(နိုင်)၀၀၁၂၃၉]ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာနေ မောင်အောင်ကိုကိုဇော်၊ မပပခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကြည်(ခ)ဦးစိုးလှ[၁၂/ကမန(နိုင်)၀၀၃၈၈၁]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့ အထက ကျောင်း၊ န၀မတန်း(င)မှ မနော်ထူးအေးဖော၏ ဖခင်အမည်မှန်မှာ ဦးစောဖားဒို[၇/ဖမန(နိုင်)၀၇၉၄၂၂] ဖြစ်ပါသည်။

ဦးစောဖားဒို

SHINE

ကံကော်ရွှေပြည်

ပျောက်ဆုံးကြောင်း
ကျွန်မ မသိဂီမြင့်၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၆၉၈၃၅ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၄၂၂၆၉

အခွင့်အလမ်း
Opportunity Journal

www.opportunity.com.mm

FOREVER
SPORTS JOURNAL

"ကန့်ဇော်ဆီ" စစ်စစ်

WE CARE YOUR IMAGING
IDEA Design House
DIGITAL INKJET PRINTING &
Bill Board, Box Car, Back Drop, Pamphlet, Brochure & Commercial Design များကို

Foam Board, Acrylic Board
Urgent Vinyl
အမြန်ထုတ်သည်
ECO

Stand
Print & Cut

Acrylic
Laser Engraving

• Backlit Light Box
Frame
လုပ်ပေးပါသည်

No.220/222, Botahtaung Pagoda Road (Middle), Pazaundaung Township, Yangon, Myanmar. Tel : 202 224, 297 793, 90 100 48~54, 09 858 6213.

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊
အေးရိပ်မွန်အိမ်ရာ၊ တိုက်-၆၊ အခန်း(၁၀၂)နေ
(ဦးကျော်မြင့်)(လက်ထောက်မန်နေဂျာ၊ ကုန်သွယ်/ပုံနှိပ်-ငြိမ်း)-
ဒေါ်ခင်ရွှေတို့၏သား

မောင်သီဟကျော်

B.E(Civil),M.E(Civil)
Design Engineer
First Engineers Consultants Pte,Ltd.(Singapore)

နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊
ထူပါရုံအရှေ့(၅)လမ်း၊ အမှတ်(၄၈)နေ
ဦးသောင်းညွန့်(မြို့နယ်ဘဏ္ဍာခွဲမန်နေဂျာ၊
မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)-(ဒေါ်မြမြသန်း-အထပြ)တို့၏သမီး

မအေးမြမြအောင်

B.E(Electrical Power)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် ၉-၆-၂၀၁၂ရက် (စနေနေ့)၌ နေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သီဟကျော်-မအေးမြမြအောင်

"မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ"

(စင်ထရယ်)အထက(၁)လသာ

ကျောင်းသားဟောင်းများမှ မြတ်ဆရာများအားပူဇော်မည်

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာကျောင်းသားဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် သီတင်းကျွတ်လပြည့်နေ့ (အင်္ဂါနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီကို ဖွဲ့စည်းမည်ဖြစ်ပါ၍ ပါဝင်ဆောင်ရွက်လိုသူ ကျောင်းသားဟောင်းများ၊ စိတ်ပါဝင်စားသူ ကျောင်းသားဟောင်းများသည် ၂၀၁၂ခုနှစ်၊ ဇွန်လ၊ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)လသာ၊ ယခင်စက်မှုလက်မှုခန်းမဆောင်သို့ တက်ရောက်ပါဝင် ဆွေးနွေးအကြံပြုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ
(စင်ထရယ်) အထက(၁)လသာကျောင်းသားဟောင်းများ

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်(၄၃)နေ
ဦးဌေးအောင်(လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊
ကုန်သွယ်/လယ်ယာ)-ဒေါ်ညွန့်ရီတို့၏သားငယ်

မောင်သန်းထွဋ်အောင်

A.G.T.I (E.P)
E.O (Bay Point Marine Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပဒေသာလမ်း၊ အမှတ်(၂၅)နေ
(ဦးအုန်းကျော်)မော်ကွန်းရုပ်ရှင်သတင်းဖျူး-ဒေါ်မြမြချစ်(သူနာပြုဆရာမကြီး
-ငြိမ်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏သမီးငယ်

မစန္ဒာကျော်

B.A(Business Management)
P.A.T[B.E.H.S(4)Ahlone]

တို့သည် ၂၀၁၂ခုနှစ်၊ ဇွန်လ ၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးလူကြီးများ ရှေ့မှောက်၌ နေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းထွဋ်အောင်-မစန္ဒာကျော်

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၉-၆-၂၀၁၂ ရက်တွင် ကျရောက်ခဲ့သော **ဦးစိန်ဝင်း(DIRECTOR),(GREEN HARD WOOD ENTERPRISE LTD)**၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် မွေးနေ့နှစ်တစ်ရာကျော်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးလှအေး

SAYA-TONY
Since 1989
IELTS / TOEFL (Foundation + Exam)
IELTS (Foundation+Exam)
Mon to Fri - 8:00am to 12:00pm June-13
Mon to Fri - 12:30pm to 4:00pm June-13
Mon to Fri - 8:00am to 4:00pm June-13
Mon to Fri - 4:30pm to 7:30pm June-13
Sat & Sun - 8:30am to 4:00pm June-16
Sat & Sun - 2:00pm to 4:00pm June-16
TOEFL

The Messenger

ဒေါ်ယုယမြင့်
ACCA, LCCI, MYOB & Job Training
Ph: 09 730 30 977, 09 501 45 63

ဒေါ်သီတာဦး
LCCI & Dip IFR
Level I,II (11 / 17 / 24 June) Level III (16 June)
(A)Mon - Tue 10 - 12am
(B) Sun 8:30 - 12 am
(C) Sun 1 - 5 pm
(D) Sat - Sun 7 - 9 am
(A) Sat - Sun 3 - 8 pm
(B)Wed to Sun 6 - 8 pm
(C)Wed to Sat 9 - 12 am
Ph-09:73059553 ; 5178297

SUN FAR
TRAVELS & TOURS CO., LTD. .... satisfying your travel needs

ဟန်ကောက် နှင့် ပတ္တရား ခရီးစဉ်
18 Jul - 22 Jul $649 (per person)
$15

Head Office (38th Street) 250 866
09 50 36899
09 7311 3333
Sakura Branch 09 7303 6677
Sakura Branch 09 7303 6666
Mandalay Branch 02 74462, 74542

မင်္ဂလာဂုဏ်

GL June 22
09730400050, 09730400051, 09730400052

BDI Car Rental

380164
09 5017088
09 8626524

အဆင့်မြင့် ...

မိဘဂုဏ် (ကိုဇော့)

အရောင်းဆိုင်(၁) ... (Capital Hyper Market) ...

အရောင်းဆိုင်(၂) ...

LOGO

09-50-64145 , 09-49-276627, 09-49-588063, 09 49-580855,09-420707316

ရွှေစင်ကျွန်း Travels & Tours
Exploring to the edge of the globe

No.87, Baho Rd, Sanchaung. Ph: 516292, 516293, 516340, 506191.
87, 73 Rd, Bet 28&30 St, Mandalay. Ph: 02-32030. Hot Line: 09-73003772
Email: outbound@sandaesun@gmail.com, web: myanmartravel.org

ဂုဏ်ထူးဦးအောင်နိုင်
Basic Grammar (2 Color)
Essays & Letters (3 Color)
01 202 918, 09 430 85283

လှိုင်မင်းလတ်
LCCI Level-I, II & III
Level I+II
June
09 7313 6677
09 510 9922

KMD Computer Centre
Quality Management System
ISO 9001:2008
Scholarship
Computing / Business IT Diploma (First Year)
Diploma in Information Technology [DIT]
Tel: 381035, 381129, 700895, 502233, 527436, 241951, 384250, 384641, 660587, 641328, 546600, 524400, 505399, 502211, 291025

ဦးအောင်ဝင်း
LCCI June-16 (Sat)
Aircon
LCCI
371741, 240824, 381350

မြမှုလဲသွယ်
အချစ်ဝေရာ
MASTER

SUCCESS LANGUAGE ACADEMY
Basic English Speaking
Vocab Enrichment
IELTS Four Skills
Four Skills English (Basic)
Basic Grammar
IELTS Speaking
IELTS Reading
IELTS Writing
Intermediate Grammar
Basic Writing
IELTS Exam Practice
INTERMEDIATE
Intermediate Writing
Four Skills
10 - 12:00 (Sat + Sun) June 2

ရဲမျက်မှန်

UK - M
POLYTECHNICS ENTRANCE
IGCSE , SAT(I,II) , GRE(Math:)

ဦးထွန်းလွင်ဇော်
09-420044268, 09-73012947, 01-8010338

Oasis Journal
01-542180, 09421056363
Father's day

Good Health

(L.L.B.)

ခြံမြေသီးသန့်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကင်း၊ ပါရမီ၊ ပေ ၄၀ ပတ်လည်၊ အုတ်တံတိုင်းလေးဖက်ကာရံပြီး၊ မျက်နှာစာ နှစ်ဖက်ဖွင့်၊ ထောင့်ကွက်၊ ဂရန်မြေ။
၂။ မြောက်ဒဂုံ၊ ၃၂ရပ်ကွက်၊ ပေ(၄၀×၆၀) မြေဖို့ ခြိုန်းလိုင်တဲ၊ ဝန်းကျင် V.I.P၊ ပါမစ်မြေ။
၃။ တောင်ဒဂုံ၊ ၁၅၂၊ ပေ(၄၀×၆၀)၊ ပါမစ်မြေ။
၄။ ကလောမြို့၊ နီးဘုရားအနီး၊ ပေ(၁၇၇×၁၀၇)၊ ရေထွက်ဦးလမ်း၊ (၈)ရပ်ကွက်၊ မြေပိုင်မြေ။
ဆက်သွယ်ရန် ဖုန်း-၆၈၇၁၂၅၊ ၀၉-၅၀၀၅၇၉၅၊ ၀၉-၇၃၀၇၉၀၇၄

အကျိုးဆောင်
Ph: 01-387127, 375557

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
မြန်မာ့တိုင်းရင်းဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် မြန်မာ့တိုင်းရင်းဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**

(က) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ ပုံမှန်ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၂)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်း (သို့မဟုတ်)လျှောက်လွှာပိတ်သည့်ရက်တွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး)ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရေးဖြေဖြေဆိုမည့်ရက်တွင် အခြေခံဝန်ထမ်းလောင်း သင်တန်း (ဇေယျ) (သို့မဟုတ်)အရာထမ်း အခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်း (သို့မဟုတ်) အရာထမ်းငယ် အခြေခံသင်တန်း တက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၃၁-၇-၂၀၁၂ ရက် ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေ စာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၁၂-၉-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် တိုင်းရင်းဆေးပညာ မဟာသိပ္ပံဘွဲ့လွန် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-010390သို့ ပေးသွင်းရမည်။

(မှတ်ချက်-မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-010390သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ်(၀၆၇-၄၃၁၀၉၂၊ ၄၃၁၀၉၅)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး (၀၂-၆၆၁၀၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်
(က) 4", 400 V Shackle Insulator	80402 Sets
(ခ) 33 KV Pin Insulator with Spindle	24725 Sets
(ဂ) 4" Straining Insulator	13493 Sets

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၂ရက် မွန်းတည့် ၁၂:၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၄၃၁၂၈၅

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၇)၊ သတ္တမတန်း(က)မှ နန်းသဥ္ဇာအေးအား ယနေ့မှစ၍ နန်းတင်ဇာအေးဟု ပြောင်းလဲခေါ်ပါရန်။

နန်းတင်ဇာအေး

ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ အထက တီကျစ် အဋ္ဌမတန်း(က)မှ မတင့်အိမ်စည်မျိုး၊ သတ္တမတန်း(က)မှ မောင်အောင်စည်သူထက်၊ ဒုတိယတန်း(က)မှ မောင်ထွန်းညက်ဗိုလ် တို့၏ ဖခင်အမည်မှန်မှာ ဦးတီပက်ဖြစ်ပါကြောင်း။

ဦးတီပက်
[၁၂/တမန(နိုင်)၀၂၀၉၂၁]

လူပျောက်ကြော်ငြာ

နောင်ချိုမြို့နယ်၊ လုံရုံးကျေးရွာအုပ်စု၊ ကျောက်ကြမ်းရွာနေ မဟူမာကလာ [၉/မကန(နိုင်)၀၅၆၈၉၂](ဘ)ဦးတီအင်ဥပဒယား၏ သမီးသည် ၁၈-၅-၂၀၁၂ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကဆက်သွယ်ပေးပါရန်။

ဖုန်း၀၉-၄၀၀၀၁၅၂၄၅

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၈၀/၁၀၀ အမျိုးအစား ကတ္တရာ မက်ထရစ်တန် (၃၀၀၀၀)ကို CIF(Yangon)ဈေးနှုန်း နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၆-၂၀၁၂

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၇-၂၀၁၂(၁၂:၀၀)နာရီ

၄။ တင်ဒါဖွင့်မည့်ရက် - ၅-၇-၂၀၁၂

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

ဘီလပ်မြေ၊ ကတ္တရာ၊ သံချောင်း ဝယ်ယူရေးဆပ်ကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊ ဝယ်ယူရေးဌာန၊
ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၈၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး)(၂)နှစ်သင်တန်းအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) (၂)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**

(က) တိုင်းရင်းဆေးပညာ ဒီပလိုမာအောင်မြင်ပြီးသူဖြစ်ရမည်။

(ခ) အနည်းဆုံး အခြေခံပညာ (က)အဆင့်(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရမည်။

(ဂ) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီတွင် မှတ်ပုံတင်ထားပြီး တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သည့် လက်ရှိ နိုင်ငံ့တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့် ၃၁-၇-၂၀၁၂ ရက်တွင် လုပ်သက် (လစာမဲ့ခွင့်မပါ) အနည်းဆုံး (၅) နှစ်ပြည့်ရမည်။

(င) သင်တန်းတက်ရောက် အောင်မြင်ပြီးပါက (၅)နှစ်ဆက်တိုက် ဆက်လက်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၃၁-၇-၂၀၁၂ ရက်ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၁၂-၉-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၆။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံ အသေးစိတ်အချက်အလက်များကို တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ နေပြည်တော်၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ် (၀၆၇-၄၃၁၀၉၂၊ ၄၃၁၀၉၅)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး ဖုန်း-၀၂-၆၆၁၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

၁။ စမ်းချောင်း၊ လမ်းသန့်၊ ပေကျယ်(၃၀×၄၅)၊ စတုတ္ထထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်အိမ်သာ၊ အိပ်ခန်း(၂)၊ ကိုယ်ပိုင်(ရေမီး) ပြင်ဆင်ပြီး၊ အသင့်နေ။

၂။ စမ်းချောင်း၊ လမ်းမတန်း၊ ပေကျယ်(၁၅×၆၀)၊ စတုတ္ထထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်အိမ်သာ၊ အိပ်ခန်း(၂)၊ ကိုယ်ပိုင်(ရေမီး)ပြင်ဆင်ပြီး၊ အသင့်နေ။ **ဖုန်း-၀၉၇၃၂၀၁၁၇၉**

အမည်ပြောင်း

အထက(၂)၊ လှိုင်သာယာ၊ ၁၀ရပ်ကွက်၊ ဆောလမ်း၊ (၁၁၀/က)မှ မမြတ်နိုးအား မေမြတ်မိုးဟုခေါ်ပါရန်။

ငှားလိုပါသည်(ပွဲစားမလို)

-စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်းပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။(ကိုယ်တိုင်ငှားမည်။)

ဖုန်း-၀၉ ၇၃၀၄၇၈၁၉

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ရွာမနေ ကျွန်တော် ဦးလင်းအောင် [၇/ညလပ(နိုင်) ၀၂၀၈၄၈]၏ သားဖြစ်သူ စောသော်ဇင်ထူး(ခ)တူးတူးလေးသည် ကျွန်တော်၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ၅-၆-၂၀၁၂ ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူမည်မဟုတ်ပါ။(မေးမြန်းခြင်းသည်းခံပါ)

ဦးလင်းအောင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပင်စင်စားများသိရှိစေရန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး (ယခင်-ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး/ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး)တွင် တာဝန်ထမ်းဆောင်ပြီး ပင်စင်လစာခံစားခဲ့ကြသည့် အောက်ပါ ပုဂ္ဂိုလ်များ၏ မိသားစုဝင်များသည် တိုးမြှင့်ပင်စင်လစာထုတ်ယူရရှိနိုင်ရေးအတွက် ဆက်သွယ်၍မရပါသဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး (ရုံးအမှတ်-၂၂) သို့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင်လာရောက် ဆက်သွယ်ကြရန် နှိုးဆော်အကြောင်းကြားပါသည်။

စဉ်	အမည်	ပင်စင်ခံစားသည့်ရာထူး	ပင်စင်အမျိုးအစား	ပင်စင်စတင်သည့်ခုနှစ်
၁။	ဦးမြင့်ဝင်း	ဦးစီးအရာရှိ	မိသားစုပင်စင်	၉-၆-၁၉၉၁
၂။	ဦးညက်ဌေး	အကြီးတန်းစာရေး	မိသားစုပင်စင်	၁၀-၁-၁၉၉၈
၃။	ဦးစန်းကြည်	ယာဉ်မောင်း-၄	မိသားစုပင်စင်	၂၇-၁-၁၉၈၉
၄။	ဦးသိန်းဦး	ရုံးအကူ	မိသားစုပင်စင်	၂၆-၈-၁၉၉၇

ဆက်သွယ်ရန် ပုဂ္ဂိုလ်နှင့်ဖုန်းနံပါတ်များ

၁။ ဦးဝင်းဦးခိုင် ဒုတိယညွှန်ကြားရေးမှူး (စီမံဌာနခွဲ)၊ ဖုန်း-၀၆၇-၄၀၄၂၃၄

၂။ ဒေါ်ခင်သက်ချို လက်ထောက်ညွှန်ကြားရေးမှူး (စီမံဌာနခွဲ)၊ ဖုန်း-၀၆၇-၄၀၄၂၀၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Computer နှင့်ဆက်စပ်ပစ္စည်း	5 items
(ခ)	Digital Multifunctional Copier	2 Nos
(ဂ)	Cash Counting Machine (ငွေရေစက်)	1 No
(ဃ)	Copper Sulphate	3 tons
(င)	ရုံးသုံးပရိဘောဂ	4 items
(စ)	Steel Plate & MS Plate	4 items
(ဆ)	Battery & Tyre	12 items

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၃-၆-၂၀၁၂ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၂၅-၆-၂၀၁၂ရက် [အမှတ်စဉ် (က)၊ (ခ)၊ (ဂ)၊ (ဃ)]
- ၂၈-၆-၂၀၁၂ [အမှတ်စဉ် (င)၊ (စ)၊ (ဆ)]

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဝယ်ယူရောင်းချရေးဌာနခွဲ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

ဖခင်အမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၊ နဝမတန်း(M)မှ မောင်ဇေယျာထွန်းနှင့် ဒုတိယတန်း(D)မှ မောင်ကောင်းဇော်ဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်း [၁၁/စတန(နိုင်)၀၃၄၂၈၂]ဖြစ်ပါသည်။

မြေကွက်အမြန်ရောင်းမည်

ကုမ္ပဏီ၊ ဟိုတယ်၊ ကား Show room ဖွင့်ရန် နေရာကောင်း၊ ပေ(၁၀၀)၊ မြေဖို့ပြီး၊ အုတ်တံတိုင်းကာပြီး၊ ရေမီးစုံ၊ မီတာ(၃)လုံး ငါးမာန်အောင် ဘုရားလမ်းမကြီး၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့ (သိန်း ၄၀၀၀)

ဖုန်း-၀၉ ၄၂၅၀ ၂၀၀၃၉၊
၀၉-၄၉၃၁၈၈၇၉၊ ၀၁-၅၈၆၀၃၉

ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	ရေတွက်ပုံ
၁	BTI 7060 shelf	1	Nos.
၂	BTI 7060 Cooling unit	1	Nos.
၃	BTI 7060 expansion shelf interface	2	Nos.
၄	4 port 2.5 G wavelength regenerator	16	Nos.
၅	1310 nm SR	8	Nos.
၆	DWDM ER, Channel 13 (1548.51 nm)	18	Nos.
၇	DWDM ER, Channel 16 (1546.12 nm)	18	Nos.
၈	Single expansion shelf cable SFP-SFP, shiled copper 1 m	2	Nos.
၉	Optical patch cord (1 meter)	43	Nos.
၁၀	Optical patch cord (10 meter)	6	Nos.
၁၁	Optical fixed Attenuator 15 dB	5	Nos.
၁၂	Optical Fixed Attenuator 5 dB	14	Nos.
၁၃	Optical Fixed Attenuator 3dB	12	Nos.

၂။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၂ ရက်မှ ၁၈-၆-၂၀၁၂ ရက်အထိ ရုံးချိန်များအတွင်း ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်းရှိ အင်ဂျင်နီယာချုပ်ရုံး၊ ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လာရောက်တင်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁ ၆၅၀၁၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈)၊ (U-9)၊ မြေကွက်အမှတ်-၂၆နှင့်၂၇၊ (၂) ကွက်တွဲမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ (U-9)မြေကွက်အမှတ် ၄၀နှင့် ၄၁ (၂)ကွက်တွဲမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ရီ[၁၂/ဒဂန(နိုင်)၀၂၈၉၃၈]နှင့် ဦးမျိုးတင့်(ခ) ဦးကျင့်ရုံ[၁၄/ဖပန(နိုင်)၀၆၄၃၉၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၂-၆-၂၀၁၂ ရက်စွဲပါ မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ် စရန်ပေးကတိစာချုပ်ကိုချုပ်ဆို၍ ဝယ်ယူရာ စရန်ငွေ၏အချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းဝင်း(စဉ်-၁၈၈၇၀) ဒေါ်အေးသီတာမော်(စဉ်-၂၃၃၁၁)
အထက်တန်းရှေ့နေများ
Than Than Win & Associates (Law Firm)
အမှတ်-၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၉-၄၉၃၁၂၉၀၈၊ ၀၉-၄၂၁၀၂၆၉၀၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၃၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၃၉/ခ)၊(၁၁)ရပ်ကွက်၊တောင်ဥက္ကလာ ဒေါ်ပီချေးအမှာလ် အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပီချေးအမှာလ်နှင့် ခင်ပွန်း ဦးကစ္စနားဆာမိ ကွယ်လွန်သဖြင့်ဒေါ်စစ်စလီမာ [၁၂/ဒဂရ(နိုင်)၁၁၀၈၇၃]၊ ဒေါ်အေအမှာလ် [၁၂/ဥကတ(နိုင်)၁၃၂၉၅၃]၊ ဒေါ်အယ်အေမေရီ [၁၂/ဥကတ(နိုင်)၁၃၂၉၅၄]၊ ဦးအန်တိုနီ [၁၂/ဥကတ(နိုင်)၀၁၂၈၆၆]၊ ဦးအေလာဇရပ်[၁၂/ဥကတ(နိုင်)၁၃၂၉၇၉]၊ ဒေါ်ဖာတီမာ [၁၂/ဥကတ(နိုင်)၀၀၈၀၂၃]၊ ဒေါ်ဂျူလီယာနာမေရီ [၁၂/ဥကတ(နိုင်)၀၀၇၉၉၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေမန်နေဂျာရုံးခန်းနှင့် အုပ်ချုပ်ရေးရုံး အဆောက်အအုံ ပေ(၅၀ ×၂၄ ×၉) ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ဈေးပြိုင်ပေးသွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန၊ (နေပြည်တော်) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)နှင့် တနင်္သာရီတိုင်းဒေသကြီး၊ အထွေထွေမန်နေဂျာရုံး၊ ထားဝယ်မြို့တို့တွင် ဆက်သွယ်ရယူ တင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန်နှင့် တင်ဒါဖွင့်မည့် ရက်/အချိန်

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန် ၁၃-၆-၂၀၁၂ ရက်မှ ၂၀-၆-၂၀၁၂ ရက်ထိ (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်နှင့်အချိန် ၂၁-၆-၂၀၁၂ ရက် နံနက် ၁၂နာရီ

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ဗိုလ်သင်တန်းအမှတ်စဉ်(၈၆) စည်သူတပ်ခွဲ ကျောင်းဆင်းအရာရှိများနှင့် မိသားစုများသို့

ဗိုလ်သင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းအရာရှိများ၏ (၁၉)နှစ်မြောက် နှစ်ပတ်လည် အလှူဒါနအဖြစ် သံဃာတော်များအား နေ့ဆွမ်း၊ သင်္ကန်း၊ နဝကမ္မ အလှူငွေများ ကပ်လှူခြင်းနှင့် တရားနာ အမျှပေးဝေခြင်းအခမ်းအနားကို ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားဝင်း၊ **မွန်ပရိယတ္တိစာသင်တိုက်**၌ ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ ကြွရောက်တရားတော်နာယူနိုင်ကြပါရန် သူငယ်ချင်းအားလုံးသို့ လေးစားစွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉ ၈၆၃-၁၅၁၁၊ ၀၉-၅၁-၁၂၈၇၃၊ ၀၉-၅၀-၄၁၉၉၂၊ ၀၁-၅၅၆၀၅၄၊ ၀၉-၅၁-၈၄၆၉၇၊ ၀၉-၈၆၁-၆၄၀၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်မှ စီမံကိန်းနေရာများသို့ ပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၁-၆-၂၀၁၂ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၁၅-၆-၂၀၁၂ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၀၀၂၈၂

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Scanner A_0Size multi Copy/Print/Scan	1No.
(ခ)	Microfilm Camera Minolta	1No.
(ဂ)	Book Drive(Dyi) Machine	1No.

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၁၃-၆-၂၀၁၂ ရက်မှ ၁၅-၆-၂၀၁၂ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံ ထုတ်ယူရမည့်နေရာ - အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၄။ တင်ဒါသွင်းရမည့်ရက် - ၁၉-၆-၂၀၁၂ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်း အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၁-၃၇၂၈၆၅၊ ၀၁-၃၉၅၂၄၈

မိဘအမည်မှန်

အေးသာယာမြို့၊ အထက(၈)၊ ပဥ္စမတန်း(က)မှ မအိဇင်ဖြိုး၏ မိဘအမည်မှန်မှာ ဦးဘိုနီနှင့် ဒေါ်ခင်အုံး ဖြစ်ပါကြောင်း။

ဦးဘိုနီ-ဒေါ်ခင်အုံး

အမည်ပြောင်းခြင်း

အထက(၁)ဒဂုံ၊ စတုတ္ထတန်း(က)မှ မောင်ခန့်ဇေယျာထွန်းအား မောင်ကောင်းခန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှုခင်းသာ၊ လူနေရပ်ကွက်အမှတ်-ရှုခင်းသာ၊ မြေကွက်အမှတ်-၁၃၈၅၊ ဧရိယာ(၀.၀၂၈)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၃၈၅)ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံတို့ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် ပိုင်ရှင် ဦးချစ်ဆွေ(TKA-၀၁၁၈၈၆)[၁၂/သကတ(နိုင်)၀၃၄၃၃၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I(EP),D.B.L,D.M.L
WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး

ဦးစိုးလွင်ဦး
LL.B
WIPO(Switzerland)

ဦးချစ်ကိုနိုင်
LL.B,Dip(IT),Dip(Eng),DAPsy
WIPO(Switzerland)
အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁ ၈၄၀၄၂၊ ၀၉ ၇၃၁၈၂၇၂၈၊ ၀၉ ၄၂၁၁၀၈၅၅၁





(၂၅)နှစ်မြောက် ငွေရတုရက်မြတ် မင်္ဂလာဆုတောင်း

ချစ်ပါပါကြီး **ဦးအောင်ငွေဦး**(Senior Legal Consultant)နှင့် ချစ်မေမေ **ဒေါ်ဝင်းဝင်းမိုး**(ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးရုံးခွဲ တာဝန်ခံ)တို့၏ ၁၁-၆-၂၀၁၂ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသမီး၊ သား၊ မြေးတို့နှင့်အတူ ကိုယ်၊ စိတ်၊ နှလုံး ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့ သာယာသော မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာ အကျိုးဆတက် ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီး-ဗိုလ်ကြီးစဝ်ဝေယံနိုင်-မေဘုန်းပိုင်ဦး

ချစ်မြေး- ဝေယံဘုန်းသာ

လယ်တီ(၁၀)ရက်စခန်း ကျင်းပမည်

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးအရှေ့ဘက်မုခ်(ဗဟိုရ်လမ်း)ဓမ္မိကာရာမကျောင်းတွင် လစဉ် ၁၅ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပါသည်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၃၂၇၅၅၆၊ ၅၁၉၀၉၆**

စာအုပ်စာပေ လူမှိတ်ဆွေ

မှာကြားနိုင်ပါပြီ

မြန်မာစာသင်ကြားရေး အထောက်အကူပြု

၁။ ရေသည် ကဗျာ စကားပြေ အလင်္ကာအထွေထွေ (ဒုတိယအကြိမ်)

၂။ ရေသည်ပြဇာတ် စကားစပ်နှင့် အကြောင်းအရာ စာအုပ်တို့ကို ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန ဖုန်း-၀၁-၅၃၆၀၇၂ တွင် မှာယူနိုင်ပါပြီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁တိုးချဲ့၊ မြေကွက်အမှတ်-၅၆၀၊ မြေကွက်တည်နေရာအမှတ်(၅၆၀)၊ ၁-တိုးချဲ့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ဦးထွန်းရီ အမည်ပေါက် မြေချပါမစ် မြေအားအမည်ပေါက် ဦးထွန်းရီထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့်ရရှိသူ ဒေါ်မြင့်မြင့်သန်း [၁၂/အစန(နိုင်)၁၀၇၉၁၅]က မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ ဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

မိတ္ထီလာမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(B)မှ ဦးလှအောင်၏သား မောင်ထွန်းအောင်ခိုင်အား ယနေ့မှစ၍ မောင်ရဲမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲမင်းအောင်**



ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ကျော်ဇင်ဟိန်း၏ မှတ်ပုံတင်အမှတ် [၇/ပခန (နိုင်) ၂၂၇၆၉၉]ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၀၂၅၃၀၇

အမည်ပြောင်းခြင်း

အထက(၃)၊ တောင်ဒဂုံ၊ ဆဋ္ဌမတန်းမှ(ဘ)ဦးတင်ရှိန်၏ သားမောင်ဇော်မျိုးထက်အား မောင်ထူးအံ့ရှိန်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မောင်ထူးအံ့ရှိန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ်၂၆/က(၂)၊ မြေကွက်တည်နေရာအမှတ်-၂၀၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ် မစ္စအက်စ်စမတ် အမည်ပေါက် မြေပိုင်မြေ(လ/န ၃၉ ရပြီး)မြေအား အမည်ပေါက် (အဘွား)ဒေါ်ဆာဒီစမတ်(ခ)ဒေါ်စေတီ(ခ)ဒေါ်အက်စ်စမတ်နှင့် (အဘိုး)ဦးဂျေစမတ်၊ (ဖခင်)ဦးဘားနားဘတ်စ်နှင့် (မိခင်)ဒေါ်လီလီတို့ ကွယ်လွန်သဖြင့် ဒေါ်ဂျင်းအက်စ်ဘားနားဘတ်စ်[၁၂/လမန(နိုင်)၁၁၃၄၁၅]က တစ်ဦးတည်းသောမြေး တော်စပ်ကြောင်း ကတိသစ္စာ ပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ







အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်(သမာဓိစတိုး)

အသက်(၈၁)နှစ်

ဘဏ္ဍာရေးမှူး ဒေါ်ခင်မာကြည်၏ မိခင် ဒေါ်တင်(သမာဓိစတိုး) အသက်(၈၁)နှစ်သည် ၃-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်းစိန်မြို့နယ်လုံးဆိုင်ရာ
ပူးပေါင်းဆွမ်းလောင်းအသင်းကြီး(မိုဘိုင်းလ်)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော အိမ်ရာများနှင့်ဌာနမှ ယာယီမြေရှင်အဖြစ် ဆောက်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူ၊ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်နှင့် နေထိုင်သူများလိုက်နာရမည့် စည်းကမ်းချက်စာချုပ် ပျောက်ဆုံးတင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင် အမှတ်	အမည်ပြောင်းလျှောက် ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်တင် ၄၄-၀၀၄၈၆၄ (က. စ) ဒေါ်ခင်မမ[၁၂/ပဘတ(နိုင်)၀၀၇၉၇၉] ဦးသန်းမြင့်[၁၂/ပဘတ(နိုင်)၀၀၆၉၈၆](မှ)	ဦးသန်းဋ္ဌေး [၃/မဝတ(နိုင်)၀၀၅၂၆၇]	တိုက်(၂၈၅)၊အခန်း(၂၇)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်း
၂။	ဦးရင်လူ[၈/တတက(နိုင်)၀၈၉၄၃၆] ဒေါ်အေးအေးမြင့်[၈/တတက(ဧည့်)၀၀၀၀၆၈](မှ)	ဒေါ်ငွေးကြည် [၁၂/ကမတ(နိုင်)၀၅၃၉၁၄]	တိုက်(၁၀)၊အခန်း(၈) ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်
၃။	ဦးဂျော်ကီ(ခ)ဦးစိန်ငွေး [၁၂/လမတ(နိုင်)၀၁၉၀၀၇]	နေထိုင်သူများလိုက်နာရမည့် စည်းကမ်းချက်စာချုပ်ပျောက်ဆုံး	တိုက်(၃၈)၊ အခန်း(၁) ဗဟိုစည်အိမ်ရာ၊ လမ်းမတော်
၄။	ဦးလှမြင့် LC-၂၆၃(ကစ) ဦးကျော်မြင့် [၁၂/မဂတ(နိုင်)၀၉၃၉၅၂](မှ)	ဒေါ်ခင်မာလှိုင် [၁၂/မဂတ(နိုင်)၀၆၆၈၂၂]	တိုက်(၇)၊ ၃လွှာ(ယာ) ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့်
၅။	ဦးကျော်သာ LC-၁၆၁ [၁၂/မဂတ(နိုင်)၀၇၉၇၄၂](မှ) ဒေါ်စောစောသာ [၁၁/စတန(နိုင်)၀၁၅၂၉၄](မှ)	 ဦးလှမောင် [၁၂/ကတတ(နိုင်)၀၂၂၄၈၅]	တိုက်-၂၈၉၊ ၄လွှာ(ယာ)၊ လမ်း ၄၀၊ ကျောက်တံတား

ဌာနမှူးအင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဦးကျော်စိန်(တက္ကသိုလ်ကျော်စိန်)

အသက်(၇၅)နှစ်

(မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယက)

(ဦးသန်းတင်-ဒေါ်ငွေပေါင်း)၊ ဒေါ်လွယ်စိန်(USA)တို့၏သားကြီး၊ ဒေါ်မူမူမြင့် (USA)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန့်ဇင်ဦး-ဦးတင်ဝင်း(USA)၊ ဒေါ်သက်သက်ဆွေ-ဦးဇော်ထူး(Htoo Auto Service Ltd.)၊ဦးမိုးကျော်မြင့်-ဒေါ်မြတ်ခိုင်သီ(USA)၊ဒေါ်ဝေဝေခင်-Mr.Satbid Na Nangkhai (Thailand)တို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးကျော်စိန်သည် ၈-၆-၂၀၁၂ (သောကြာနေ့) နံနက် ၈ နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၁၆၆)၊ (၇)လွှာ/ဘီ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်-၆၆၉/ခ၊ မြေကွက်တည်နေရာအမှတ် (၆၆၉/ခ)၊ ရန်အောင်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊သာကေတမြို့နယ်၊(ဒေါ်သောင်းတင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းတင်နှင့် ခင်ပွန်းကွယ်လွန်သဖြင့် (၁)ဒေါ်ရီရီသန်း [၁၂/သကတ(နိုင်)၀၄၃၁၀၅](၂)ဒေါ်အေးအေးသန်း[၁၂/သကတ(နိုင်)၀၄၀၅၁၅] တို့က သမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ဖခင်အမည်မှန်

အထက(၂)တာမွေ၊နဝမတန်း (C)မှ မသီရိကျော်မင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မင်း ဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

မချို(ခ)လှလှစိုး No-1၊ ဆီဆုံလမ်း၊ (၅)လွှာနေ မိခင် ဒေါ်စန်းရီ(ခ)ခူအင်တီအသက်(၉၂)နှစ်သည် ၄-၆-၂၀၁၂ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အကျိုမိသားစုနှင့်သူငယ်ချင်းများ
U.S.A

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)နှင့် ဒေါ်ခင်အေးသန်းတို့၏သား ကိုအောင်ကိုမြင့်သည် ၆-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

M.Dနှင့်ဝန်ထမ်းမိသားစုများ
New Wave Co.,Ltd., Wood-based Furniture Factory

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကင်းဟန်

အသက်(၇၂)နှစ်

(လူမှုထူးချွန်တတိယဆင့်)

(ကျိုက်လတ်)ရွှေဒေါင်းဆန်စက်

ကျိုက်လတ်မြို့၊ အမှတ်(၉၇)၊ (၇×၈)၊ ဦးစန္ဒာလမ်းနေ ဒေါ်ကျင်သန်း၏ ခင်ပွန်း၊ ကိုနိုင်အေး-မခင်ခင်ဦး၊ ကိုညို-မခိုင်(ရွှေပြည်အေးစတိုး)၊ ကိုခင်ဇော်-မရီရီမြင့်တို့၏ ဖခင်သည် ၈-၆-၂၀၁၂(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျိုက်လတ်မြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်း

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဇင်မာဝင်းမြင့်

(၂၈)နှစ် (ပြည်)

(၁၁-၆-၂၀၁၁)

NANYANG POLY GRADUATE.

FINAL YEAR NTU STUDENT.

အချိန်မတိုင်ခင် ကြွေလွင့်သွားလို့ ဝမ်းနည်းတသ၍ မဆုံးပါ သမီးရယ်။ သေသောသူကြာလျှင် မေ့ဆိုတာ အဖေတို့အတွက်တော့ မမှန်ပါဘူး။ နေ့စဉ်နေ့တိုင်း သတိရနေပါတယ်။ အဖေတို့ စိတ်ထဲမှာ သမီး စင်ကာပူမှာရှိနေသလို အမြဲခံစားနေရပါတယ်။ သမီးကိုရည်စူး၍ ပြုပြုသမျှကုသိုလ် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေလို့ ဆုတောင်းပါတယ်။

ကြေကွဲဝမ်းနည်းစွာဖြင့်
Dr.ဝင်းမြင့်နှင့်မိသားစု၊
ကိုဟိန်းကျော်စောနှင့်မိသားစု

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

သူကြီး ဂဖွါ(ခ)ဦးစိုးမြင့်

(မော်လမြိုင်)

(၁၁-၆-၂၀၁၁)မှ (၁၁-၆-၂၀၁၂)

ကျေးဇူးကြီးမားပြီး သားသမီးမြေးမြစ်များအပေါ်တွင် တာဝန်ကျေပွန်ခဲ့သည့် ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၁-၆-၂၀၁၂ ရက်တွင် (၁)နှစ်ပြည့်ခဲ့ပြီး ဖြစ်သော်လည်း တစ်နေ့မှမေ့မရခဲ့ပါ။ ယူကျုံးမရ၊ စိတ်ဖြေမရ တမ်းတလျက် သတိရ၍ နေ့စဉ်လစဉ်ပြုသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို အီစာလေစဝါးဒ်ပေးလျှု၍ မြင့်မြတ်တော်မူသော အလ္လာဟ်သျှင်မြတ်၏ သနားတော်၊ ကရုဏာတော်တို့ဖြင့် ကောင်းမြတ်သော ဂျန္နတ်သုခသို့ ရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်။

သားသမီး(၅)ယောက်နှင့်
မြေးမြစ်များ
ဦးအောင်မြင့်၊ ဒေါ်ရီရီမြင့်
(ကရုဏာဆေးဆိုင်)
မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း ဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း) (၈၂)နှစ်

(ကြည်း-၈၀၅၇)၊ O.T.S(21)

အမျိုးသားညီလာခံကိုယ်စားလှယ်(ညောင်နှစ်ပင်)

(လယ်ဝေး/ပြည်)

လယ်ဝေးမြို့နေ (ဦးခေမာ-ဒေါ်ဆွေမြင့်)တို့၏သား၊ ရေစကြိုမြို့နေ (ဦးဘသန်း-ဒေါ်စောရင်)တို့၏ သားသမက်၊ ပြည်မြို့၊ (၃/၂၄)၊ နဝင်းကွက်သစ်၊ ရွှေတစ်ချောင်းလမ်းနေ [ဒေါ်ကြင်မြ(ခ)ဒေါ်စံမေ]၏ခင်ပွန်း၊ ဦးကျော်ဆွေ-ဒေါ်ခင်ဒါလီဆွေဝင်း၊ ဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း)(ဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်-ဒေါ်နုနုယဉ်(ပင်လောင်း)၊ ဒေါ်ယုယုဌေး(အထက-၃၊ ပြည်)၊ ဦးတင့်အောင်၊ ဗိုလ်မှူးအေးကိုကို(ငြိမ်း)(သတ္တုတွင်းဝန်ကြီးဌာန)-ဒေါက်တာကေခိုင်မျိုးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၀-၆-၂၀၁၂ရက် ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂(အင်္ဂါနေ့)ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဗိုလ်မှူးအေးကိုကို(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး)၏ဖခင် ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)အမျိုးသားညီလာခံကိုယ်စားလှယ်(ညောင်နှစ်ပင်)သည် ၁၀-၆-၂၀၁၂ရက် ညနေ ၄း၄၅နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး

သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုံး (၇၈)နှစ်

ဦးချစ်လက်ဖက်ရည်၊စေတနာရှင်ကဖီး

မန္တလေးမြို့နေ (ဦးအုန်းဖေ-ဒေါ်လှကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ တိုက်အမှတ်(၃)၊ မြေညီထပ်နေ [ဦးချစ်(ဦးချစ်လက်ဖက်ရည်၊ ရန်ကုန်တက္ကသိုလ်ပင်မ)]၏ဇနီး၊ ဦးသိန်းလွင်-ဒေါ်ခင်အေးမြင့်၊ ဦးကျော်ကျော်(ဦးချစ်လက်ဖက်ရည်ဆိုင်၊ ရန်ကုန်တက္ကသိုလ်ပင်မ)-ဒေါ်မြင့်မြင့်ကြည်(ဌာနခွဲမှူး၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ Y. C.D.C)၊ ဦးကိုကိုလတ်-ဒေါ်စန်းစန်း၊ ဒေါ်ခင်မကြီး၊ ဦးမောင်မောင်ငယ်-ဒေါ်သီတာရှိန်(သီတာမူကြို၊ လ/ထ ကထိက-ငြိမ်း၊ သတ္တဗေဒဌာန၊ R.A.S.U)၊ ဦးအေးကို[ဌာနခွဲမှူး၊လမ်း/တံတား၊ ငမိုးရိပ်တံတား(ပါရမီ)တည်ဆောက်ရေး၊ Y.C.D.C]-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ခင်ထွေးညိုတို့၏ မိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ညိုလေး (၅၅)နှစ်

B.Sc, M.Sc. B.Ed, HGP

(ကထိက၊ သတ္တဗေဒဌာန၊ တောင်ငူတက္ကသိုလ်)

(အထက-၂၊လှိုင်၊ကျောင်းသူဟောင်း)

ရန်ကုန်မြို့နေ (ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးမောင်ကလေး-ဒေါ်ခင်စိန်)တို့၏ သမီး၊ (ဦးရှင်း-ဒေါ်လှသိန်း)တို့၏ သမီးချွေးမ၊ ဦးတင်ယု-ဒေါ်မြင့်မြင့်လေး၊ ဦးဇော်မင်းလေး(M.M.R.D)-ဒေါ်ချိုချိုလှိုင်(လဝက)တို့၏ ညီမ၊ ဦးကျော်မင်းလေး-ဒေါ်မိုးမိုးခက်ကြည်၊ ဦးသက်လွင်(မြို့နယ်လျှပ်စစ်မှူး) - ဒေါ်နီနီလေး၊ ဦးမြတ်မင်း-ဒေါ်ဝါဝါလေး (နိုင်မဟာအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးဝင်းနိုင်အေး(C/E)-ဒေါ်တင်တင်ဝင်းလေး၊ ဦးစိုင်းကွမ်းခမ်း-ဒေါ်ခင်ခင်လေး၊ Mr. Kazuto Yamazaki -ဒေါ်သီတာလေးတို့၏အစ်မ၊ တူ/တူမ ၁၅ ယောက်တို့၏ကြီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရာမည(၂)လမ်း၊ အမှတ်(၉၂၁)နေ ဦးလုကြည်(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောဇနီးသည် ၉-၆-၂၀၁၂ (စနေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် အရှေ့အနောက်ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းမြင့် (၄၅)နှစ်

ထီးဖြူဘုရင်တံဆိပ်

ကနတ္တဒဏ်ထီးလုပ်ငန်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၇/A)နေ (ဦးလှငွေ-ဒေါ်လှမြင့်)တို့၏ သားထွေး၊ အမှတ်(၇)၊ ပျဉ်းမလမ်း၊ ဆေးငြိမ်းရပ်ကွက်နေ ဦးမောင်မောင်-ဒေါ်ခင်လှတို့၏ သားသမက်၊ ဦးသန်းဦး-ဒေါ်တင်တင်လှတို့၏ မောင်၊ [ဦးကျော်ညွှန့်(ခ)ကျားကြီး]၏ ညီ၊ မအိအိခင်(G-8, အထက-၃၊ ကြည့်မြင်တိုင်)၊ မောင်နေထွဏ်းဝင်း(G-7, အထက-၃၊ ကြည့်မြင်တိုင်)တို့၏ မွေးသဖခင်၊ မသီရိထွဋ် (G-3, အထက-၃၊ကြည့်မြင်တိုင်)၏ ဦးလေး၊ ဒေါ်ဖြူဖြူမောင်၏ခင်ပွန်းသည် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၂ (စနေနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သင်းနွယ် အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄၄)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးစောလွင်)၏ ဇနီး၊ ဦးအုန်းရွှေ-ဒေါ်ကျင်လှ၊ Dr.ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်စန်း၊ Dr.ဦးတင်ထွဋ်-ဒေါ်ဝေဝေသန်း၊ Dr.ဒေါ်သန်းသန်း-ဦးမောင်မောင်၊ ဦးမင်းဆွေ၊ ဦးချစ်ဆွေ-Dr.ဒေါ်အေးအေးသန့်၊ Dr.ဦးမောင်မောင်မြင့်-ဒေါ်မိုးမိုးနှင်း၊ Dr. ဒေါ်ခင်ခင်-Dr.ဦးစံလင်းတို့၏ မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၉-၆-၂၀၁၂ရက် နံနက် ၉း၄၀ နာရီတွင် တရုတ်(တိုင်ပေ)နိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် တရုတ်(တိုင်ပေ)နိုင်ငံတွင် မီးသင်္ဂြိုဟ်ပါမည်။ [၁၅-၆-၂၀၁၂ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဂီတစာဆို ဂစ်တာသိန်းစိုး အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃)နေ ဒေါ်ခင်နွယ်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၆-၂၀၁၂ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းသိန်း (၅၇)နှစ်

(အုတ်ကျင်း-ရေခဲစက်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း၊ အမှတ်(၆၅)နေ (ဦးချွန်စိန်-ဒေါ်မြလေး)တို့၏ သား၊ (ဦးညိမ်းမောင်)-ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒေါ်တင်ဦး(ဇီးဖြူကုန်းရွာ၊ လက်ပံတန်း)၊ (ဦးသိန်းလွင်)-ဒေါ်ကြူကြူ၊ ဦးဝင်းမြင့်(ရေခဲစက်)-ဒေါ်ကြည်ဝင်း၊ ဦးစိုးမြင့်-ဒေါ်စုလှိုင်၊ ဦးအေးမောင်-ဒေါ်ခင်သန်းဝင်းတို့၏ ညီ/မောင်၊ မစုမြတ်ရတနာသိန်း(M.B., B.S)၊ မောင်ငြိမ်းချမ်းကိုကို၊ [Final Years(Maths)၊ ဒဂုံတက္ကသိုလ်]တို့၏ ဖခင်၊ ဒေါ်စန်းဦး(သူနာပြုဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းသိန်းသည် ၉-၆-၂၀၁၂ ရက် ည ၈း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု



ဦးစိုးမြင့်(ခ)တန်ယောင်ဟုတ် အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ အခန်းအမှတ်(၆၀၄)၊ သံဈေးကွန်ဒို(ခြောက်လွှာ)နေ (ဦးတန်ချိန်ကျန်း-ဒေါ်ငွေ)တို့၏သား၊ (ဒေါ်ခင်မြင့်မြင့်)၏ ခင်ပွန်း၊ ဒေါ်တင်တင်ခိုင်-ဦးစိုင်းမြင့်သိန်း၊ ဒေါ်ခင်ခင်စန်း-ဦးအောင်မြင့်၊ ဒေါ်စန်းစန်းမြင့်-ဦးအောင်ခိုင်၊ ဒေါက်တာမျိုးသန့်တင်တို့၏ဖခင်၊ မောင်သိန်းထိုက်စံ၊ မနန်းခိုင်ဇာသွယ်၊ မောင်ကျော်လင်းအောင်၊ မစုစန္ဒီအောင်၊ မောင်ပြည့်ဖြိုးအောင်၊ မမေမြတ်နိုး၊ မမီမီမြတ်နိုးတို့၏အဘိုးသည် ၁၀-၆-၂၀၁၂ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး (၈၂)နှစ်

နတ်တလင်းမြို့နေ (ဦးမောင်-ဒေါ်မြင်)တို့၏သား၊ ဦးခင်သိန်း-ဒေါ်တင်လှ၊ (ဦးရင်ပု-ဒေါ်ခင်သန်း)တို့၏ မောင်၊ ဦးချို-ဒေါ်တင်ညို၊ (ဦးပု)-ဒေါ်ကံ၊ (ဦးတင်ဝင်း-ဒေါ်တင်သန်း)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၂၀၂)နေ (ဒေါ်ခင်လှိုင်)၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်အေးသည် ၉-၆-၂၀၁၂(စနေနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၆-၂၀၁၂(သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်စိန်(ငါးသိုင်းချောင်း) အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ပျိုလမ်းသွယ်(၁)၊ အမှတ်(၁၂၀၅)နေ ဦးအုန်းမြင့်(စက်ရုံမှူး-ငြိမ်း၊ လျှော်ရွှေး၊ ထုတ်စက်ရုံ၊ ဝါးခယ်မမြို့)၏ ဇနီး၊ ဦးဇော်မင်းသိန်း-ဒေါ်ကြည်ကြည်ဌေး (အထပြ၊ အနီးစခန်း)၊ ဦးတင်ထွန်းအောင်-ဒေါ်မြင့်မြင့်စန်း၊ (ဦးထွန်းမြင့်)-ဒေါ်သီတာအုန်း၊ ဦးမျိုးမင်းသိန်း၊ဦးမင်းမင်းထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်စန္ဒာအုန်းမြင့်တို့၏မိခင်၊ ကိုလှငွေ-မကေခိုင်အောင်၊ မသင်းအိစန္ဒီ(ခေတ္တ-အင်္ဂလန်)၊ မဟန်နီထွန်း၊ ကိုဖြိုးဝေအောင်၊ မောင်ရီဝေထွန်း၊ မဟေမာန်ထွန်းတို့၏ အဘွား၊ မောင်ရဲမာန်အောင်၏ ဘွားဘွားသည် ၉-၆-၂၀၁၂ (စနေနေ့) ညနေ ၅း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) နံနက်၁၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၂(သောကြာနေ့)နံနက် ၇ နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားသိမ်ကျောင်း ဒါယကာကြီး

ဦးမြင့်ဦး (၆၈)နှစ်

လက်ထောက်ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)

(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)

(တောင်ကုတ်/စစ်တွေ)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ နံ့သာမြိုင်လမ်းနေ (ဦးသာရင်-ဒေါ်ဖြူချေ)တို့၏ သား၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၅၉)၊ သုံးလွှာခေါင်းရင်းခန်းနေ ဦးမြင့်ဦးသည် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၆-၂၀၁၂ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ ဦးဝင်းလွင်(ခ) SCOTT TUN HLA အသက်(၆၀)၏ နာရေးတွင် အမှတ်(၇)၊ ရွှေဟသာ်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ကြွရောက်ပါရန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကြည်ညွန့်(လက်ပံတန်း) (၈၉)နှစ်

ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

လက်ပံတန်းမြို့နေ (ဦးတင်မောင်-ဒေါ်စိုးမျှ)တို့၏သားကြီး၊ (ဦးထွန်းမောင်-ဒေါ်စောချစ်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃၀/J)၊ အင်းယားလမ်းနေ (ဒေါ်ခင်စောမြင့်)၏ခင်ပွန်း၊ (ဒေါ်ခင်ခင်ရီ)၊ (ဦးအောင်ထွဋ်)-ဒေါ်လှလှကြည်တို့၏ အစ်ကို၊ ဦးဇင်အောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးမျိုးဝင်း-ဒေါ်ဖြူဝင်းကြည်(ရွှေပြည်ညွန့်ကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်ကြည်-ဒေါ်မီမီလင်း၊ ဒေါ်မူမူကြည်၊ ဦးဘိုဘိုကြည်(ခ)ဦးဝင်းထိန်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ တဋ္ဌာဘို၊ ဟေမာလင်းလင်းကြည်၊ အောင်မျိုးဝင်း၊ ယမင်းအောင်၊ သန္တာမျိုးဝင်း၊ စန္ဒီအောင်၊ မောင်မောင်ကျော်ဇေဟိန်းတို့၏ ချစ်လှစွာသော အဘိုးသည် ၉-၆-၂၀၁၂(စနေနေ့) ည ၉း၁၅နာရီတွင် ရန်ကုန်မြို့ အင်းယားလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၆-၂၀၁၂ (သောကြာနေ့) နံနက်၁၀နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုံး (၇၈)နှစ်

ဦးချစ်လက်ဖက်ရည်၊စေတနာရှင်ကဖီး

ဂျပန်နိုင်ငံနေ ဦးသက်ဆွေထွန်း-Mrs.Ann ၊ ကိုကျော်စိုးထွန်း၊ ဦးသက်နိုင်ဦး-ဒေါ်သက်သက်မာ၊ ဦးမိုးသီဟ-ဒေါ်ခင်ရူပါချော၊ ဒေါ်ချောငယ်ငယ်ချစ်၊ ဦးဝေလင်းကျော်၊ မောင်ရဲကျော်ထင်၊ မောင်နောင်နောင်ထွန်း၊ မောင်လင်းထက်ကို၊ မအေးသီမောင်၊ မသီရိစန္ဒာကို၊ မဝေသီမောင်၊ မယမင်းနန္ဒာကို၊ မောင်ဖုန်းသန့်နိုင်တို့၏ ဘွားဘွားကြီးသည် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) နံနက် ၂း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ဆွေ(ပဲခူး) (၅၇)နှစ်

ပဲခူးမြို့နေ(ဦးဘရီ-ဒေါ်မမကြီး)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးညီညီ(စာရေးဆရာလင်းယုန်နီ)-ဒေါ်အုန်းကြွယ်]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၅၅၂)၊ တရုတ်ကျောင်းလမ်း၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးထင်အောင်(Maths Department, Diplomatic School, Yangon)၏ဇနီး၊ ဦးဝင်းမောင်(GM, Htoo Group of Companies)- Dr.ရီရီမြင့်(ပါရမီဆေးရုံ)၊ ဦးခင်မောင်ရီ-ဒေါ်ခင်နွယ်နီဇင်တို့၏ ညီမ၊ မခင်စန္ဒီအောင် (Ponnami Language Centre)၊ ဗိုလ်ကြီးသက်ဝင်းမောင်(ကကရေ)-မနှင်းဦးခိုင်၊ ဗိုလ်ကြီးဆက်ထင်အောင်(လက်ထောက်ကထိက၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ DSTA)-မမေသဇင်အောင်၊ မောင်ထက်ထင်အောင်(အလုပ်သင်ဆရာဝန်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ)တို့၏မိခင်၊ မောင်ချမ်းငြိမ်းဆက်၏အဘွား ဒေါ်တင်တင်ဆွေသည် ၉-၆-၂၀၁၂ (စနေနေ့) ညနေ ၄း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်(ကော့သောင်း) (၅၆)နှစ်

အထကကျောင်းအုပ်ကြီး(အေးရိပ်ငြိမ်)

(သာကေတ၊ အထက-၂၊ ကျောင်းသားဟောင်း)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ မြေနီလမ်းနေ (ဦးဆွေမြင့်)-ဒေါ်အေးရီတို့၏သား၊ ဦးကြူရှင်(စိန်တော်ကြီးဂေါပက)၏ သားသမက်၊ (ဒေါ်ရီရီငွေ)၏ ခင်ပွန်း၊ ဈေးတန်းရပ်၊ အမိုးရေတွင်းလမ်းနေ ဦးဟန်တင်-ဒေါ်လှတီ၊ ဗဟန်း၊ ရေတာရှည်လမ်း၊ ပုလဲသီရိခြံနေ ဦးအောင်တင်ဝင်း (နယူးမန္တာထွန်း)-ဒေါ်ခင်ကြွယ်တို့၏တူ၊ ဒေါ်မြင့်မြင့်သန်း(လှိုင်းသစ်စတိုး)၊ ဒေါ်သန်းသန်းမြင့်(အလက-၂၊ မြိတ်မြို့)၊ ဦးဖုန်းရှိန်-ဒေါ်ချိုချိုမြင့်(ဧရာနဒီကုမ္ပဏီ)၊ ဦးအောင်မြင့်-ဒေါ်ဇင်မိုးနွယ်၊ (ဦးထွန်းမြင့်)-ဒေါ်စောကြည်၊ မငွေငွေမြင့်တို့၏အစ်ကိုကြီးသည် ၉-၆-၂၀၁၂ ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၂ ရက် မွန်းလွဲ ၂နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအောင်ငွေ (၄၉)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန

ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပုလဲမြို့နယ်၊ မြကုန်းရွာနေ (ဦးကံ-ဒေါ်သိန်းရင်)တို့၏ သား၊ ပြင်ဦးလွင်မြို့၊ ပဒေသာရပ်၊ (စ-၂၆)၊ မြတ်လေးလမ်းနေ မနန်းဇီဇဝါထွန်း၊ မောင်စိုင်းအောင်ဇော်ဇော်၊ မနန်းဇီဇဝါယဉ်မင်းတို့၏ ဖခင်၊ ဒေါ်အေးဆေး၏ ခင်ပွန်းသည် ၁၀-၆-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂(တနင်္လာနေ့) ညနေ ၃ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးစိန်မောင်(မြိတ်) အသက်(၇၆)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်နေ (ဦးဘုကြီး-ဒေါ်ကြင်မြိုင်)တို့၏ သား၊ (ဦးအောင်ထွန်းတင်-ဒေါ်ချစ်မြ)တို့၏ မောင်၊ (ဒေါ်စိန်တီ)၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး ဦးစိန်မောင်သည် ၆-၆-၂၀၁၂ ရက် ည ၉း၁၀ နာရီတွင် ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၁၇၃/B)၊ ရွှေဝါ(၂)လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ပဲခူးမြို့နယ်အသင်း(ရန်ကုန်) ဒေါ်တင်တင်ဆွေ(၅၇)နှစ်

ပဲခူးအသင်းသူ

ပဲခူးမြို့နေ (ဦးဘရီ-ဒေါ်မမကြီး)တို့၏ သမီး၊ ရန်ကုန်မြို့နေ [ဦးညီညီ(စာရေးဆရာလင်းယုန်နီ)-ဒေါ်အုန်းကြွယ်]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၅၅၂)၊ တရုတ်ကျောင်းလမ်း၊ ကမ္ဘာအေး(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးထင်အောင်(Maths Department,Diplomatic School,Yangon) ၏ ဇနီးသည် ၉-၆-၂၀၁၂(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဒေါ်စိန်းငွေ(ဟသ်ာတ) အသက်(၇၀)

ဟသ်ာတမြို့၊ အမှတ်(၂၉၈)၊ မနော်ဟရီလမ်း၊ ဉယျာဉ်မြောက်ရပ်ကွက်နေ (ဦးတင်စွမ်)၏ ဇနီး၊ ကိုအေးမြင့်-မမြတ်မြတ်စိုး၊ ကိုကျော်ကျော်၊ ကိုအေးကျော်-မနန်းသက်ထွေးပိုင်၊ မဥမ္မာသင်းတို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၆-၂၀၁၂ ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ဟသ်ာတမြို့ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

မသီရိအောင်(ခ)ဇာဇာ အသက်(၃၂)နှစ်

(ဟသ်ာတ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဒဂုံရေးအဝေးပြေးဝင်း၊ ဟသ်ာတလမ်း၊ အမှတ်(ဃ/၉)နေ (ဦးသိန်းအောင်)-ဒေါ်ခင်မာလာစိန်တို့၏သမီး၊ ဦးသက်နိုင်ဝင်း(မန်နေဂျာ၊ မကွေးရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ယုဇနလတ်တို့၏ညီမ၊ မထားသက်မှူးခင်၏ ကျေးဇူးရှင်မိခင်၊ မောင်သက်ဦးဇင်၊ မဖူးပြည့်သွယ်တို့၏ အဒေါ် မသီရိအောင်(ခ)ဇာဇာသည် ၉-၆-၂၀၁၂ ရက် နံနက် ၁း၄၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန်(တက္ကသိုလ်ကျော်စိန်) အသက်(၇၅)နှစ်

(မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယက)

ဦးဇော်ထူး(Htoo Auto Service Ltd.)-ဒေါ်သက်သက်ဆွေတို့၏ ဖခင် ဦးကျော်စိန်(တက္ကသိုလ်ကျော်စိန်) အသက်(၇၅)နှစ်သည် ၈-၆-၂၀၁၂ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နွဲ့ (၈၃)နှစ်

(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)

ဆရာကြီးကုမ္ပဏီဥက္ကဋ္ဌ၊ စန့်ထရယ်ဟိုက်စကူးကျောင်းသူ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေအရှေ့(၇)လမ်း၊ အမှတ်(၃၉)နေ (ဆရာကြီးဦးဟန်စော)၏ ဇနီး၊ ခြံအမှတ်(၃)၊ ဒဂုံလမ်းနေ ဒေါက်တာခင်စောနွဲ့(ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)-ဦးဇော်မင်းအောင် (E/E Ocean Tanker S'pore)၊ ဦးရန်နိုင်(MD ဆရာကြီးကုမ္ပဏီ)-ဒေါ်ရီရီသိန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဦးရှိုင်းမြတ်-ဒေါ်အိမ့်နှင်းဦး၊ ဦးဒိတ်မင်းဖုန်း-ဒေါ်သဇင်ငြိမ်း၊ မအေးသင်နိုင်၊ ဦးသံယောဇင်-ဒေါ်သျှားလဲ့ဖုန်းတို့၏ အဘွား၊ မခေတ်သစ်စံ၏ ဘွားဘွားကြီး၊ (ဦးအုန်းမောင်)-ဒေါ်သိန်းသိန်း(ဝေဠုဝန်)၊ ဦးလှတိုး-ဒေါ်တင်တင်မင်း(ဖျာပုံ)၊ ဦးဖိုးရေး-ဒေါ်တင်တင်ရီ(မြောက်ဥက္ကလာ)၊ ဒေါ်ခင်ခင်သန်း(မြောက်ဒဂုံ)တို့၏ အစ်မကြီးသည် ၉-၆-၂၀၁၂(စနေနေ့) ညနေ ၆း၃၀ နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်ဌေး(ကျောင်းကုန်း) အသက်(၄၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရွှေရိုးကြားကျေးရွာနေ (ဦးအုန်းရွှေ-ဒေါ်မြခင်)တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ ဦးကျင်ညိမ်း(ဖိုးလမင်းရေခဲစက်၊ဆန်စက်၊ ပန်းတနော်မြို့)-ဒေါ်အေးမြင့်တို့၏သမီးချွေးမ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရွှေရိုးကြားကျေးရွာနေ ဦးစိုးလှိုင်၏ဇနီး၊ ဦးစိုးသိန်း-(ဒေါ်စန်းတင့်)၊ ဦးအောင်ကျော်ထူး-ဒေါ်အောင်မေကြည်၊ ဦးမျိုးမြင့်-ဒေါ်ရီရီခင်တို့၏ညီမ၊ နန့်မြင့်မြင့်ကြည်၊ မအေးအေးခိုင်တို့၏ အစ်မ၊ မောင်ဇော်ထက်စိုး-မခင်သီတာမြင့်၊ မောင်ဇော်ထွဋ်စိုးတို့၏မွေးသမိခင် ကျေးဇူးရှင်သည် ၉-၆-၂၀၁၂(စနေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁၆၄)၊ ဗိုလ်ချုပ်လမ်း၊ ပန်းတနော်မြို့နေအိမ်မှ ပန်းတနော်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်ဌေး(ကျောင်းကုန်း) (၄၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရွှေရိုးကြားကျေးရွာနေ (ဦးအုန်းရွှေ-ဒေါ်မြခင်)တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ ဦးကျင်ညိမ်း(ဖိုးလမင်းရေခဲစက်၊ဆန်စက်၊ ပန်းတနော်မြို့)-ဒေါ်အေးမြင့်တို့၏သမီးချွေးမ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရွှေရိုးကြားကျေးရွာနေ ဦးစိုးလှိုင်၏ဇနီး၊ ဦးမင်းထွဋ်-ဒေါ်သန်းမြိုင်၊ ဦးစိုးအောင်(ဖိုးလမင်းပွဲရုံ၊ဘုရင့်နောင်)-ဒေါ်စန်းစန္ဒာဦး၊ ဒေါ်သန်းသန်းစိုးတို့၏အစ်မ၊ မောင်ဇော်ထက်စိုး-မခင်သီတာမြင့်၊ မောင်ဇော်ထွဋ်စိုးတို့၏မွေးသမိခင် ကျေးဇူးရှင်သည် ၉-၆-၂၀၁၂(စနေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁၆၄)၊ ဗိုလ်ချုပ်လမ်း၊ ပန်းတနော်မြို့နေအိမ်မှ ပန်းတနော်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ရင်ရင် (၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ကျောက်မြောင်း၊ မလ္လကုန်းလမ်း၊ အမှတ်(၉၅)၊ ခြောက်လွှာ(အေ)နေ (ဦးထွန်းအောင်-ဒေါ်မိမိလေး)တို့၏ သမီး၊ (ဦးကျော်ညိန်း)၏ ဇနီး၊ ဦးမင်းသွင်စိုး၊ ဒေါက်တာရန်နိုင်စိုး (မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)-ဒေါက်တာမိမိသော်(မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)၊ဒေါ်အေးအေးမော်၊ ဦးကျော်ဇေယျ(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မိုးမိုးလွင်၊ (ဦးကျော်လင်းအောင်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မောင်နေလင်းအောင်၊ မယဉ်မွန်အောင်၊ မောင်ပိုင်ဇေယျ၊ မောင်သန့်ဇေယျတို့၏ အဘွားသည် ၉-၆-၂၀၁၂(စနေနေ့) ည ၇း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်မြ (၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၃၇/A)၊ နဝရတ်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဗိုလ်ကြီးအေးကျော်)၏ ချစ်လှစွာသော ဇနီး၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်း၊ ဦးထင်ကျော်-ဒေါ်လှငွေးဆွေ(အထက-၅၊ ဗိုလ်တထောင်)၊ ဦးသက်ဇော်-ဒေါ်တင်အေးကျော်၏ ချစ်လှစွာသော မိခင်၊ မြေး ၁၀ ယောက်၊မြစ် ၁၀ယောက်၊တီနှစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၉-၆-၂၀၁၂ရက် ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၂ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း (၆၇)နှစ်

(ဦးစီးအရာရှိ-ငြိမ်း)

(သမဝါယမဦးစီးဌာန)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၆၂)၊ ထီးတန်းဈေးကလေးလမ်းမနေ (ဦးထွန်းရွှေ-ဒေါ်မြရင်)တို့၏ သား၊ ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်နုနုရီ၏ ခင်ပွန်း၊ ကိုရန်နိုင်ဝင်း-မသီတာစိုး(အထက၊ ညောင်ပင်သာ)၊ ကိုစောနေထွန်း-မရတနာဝင်း၊ ကိုမင်းမျိုးဝင်း(ခ)ကိုမင်းမင်း-မခင်မာအေး(လ/ထ ညွှန်မှူး၊ သမဝါယမဦးစီးဌာန)၊ ဦးထွန်းထွန်းဝင်း-ဒေါ်မေဇော်မွန်၊ ဦးအောင်နိုင်မျိုး(Third Eye)၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၉-၆-၂၀၁၂ ရက် ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၂ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ဌေး (၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ လေဆိပ်လမ်း၊ ခြံအမှတ်(၆)နေ (ဦးမောင်ထွန်း-ဒေါ်လှမေ)တို့၏ သမီးကြီး၊ ဦးအောင်မြင့်-ဒေါ်တင်တင်မူတို့၏ ညီမ၊ ဦးအောင်ထွန်း-ဒေါ်ကြည်ကြည်အေး၊ ဦးစိန်မောင်-ဒေါ်မြင့်မြင့်သီ၊ ဦးတင်အောင်-ဒေါ်သန္တာမင်း၊ ဦးခင်အောင်-ဒေါ်တင်ကလျာစိုးတို့၏ အစ်မ၊ ကိုအောင်သူ၊ ကိုဌေးဝင်းသန်း၊ ကိုတင်လှမိုး-မယင်းမာဦး၊ ကိုဇေရိဇော်-မအေးသူဇာ၊ ကိုစည်သူ-မဝါဝါသူ၊ ကိုကျော်မင်းဦး-မဟန်သီထွန်း၊ ကိုအောင်မင်းဦး(RM. 1,CNS, DCA) တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွား၊ (ဦးခင်ဦး)၏ ချစ်လှစွာသောဇနီးသည် ၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

R/184

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံ

ပုဂံမြို့ရှိ ယွန်းပညာကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားပုထိုးစေတီများအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုံတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၉ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ရှိ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်ခန်းမ၌ ကျောင်းအုပ်ကြီး ဦးကျော်ဘုန်းနိုင်က ယွန်းပညာကောလိပ်၏ နောက်ခံသမိုင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့❖**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံတို့ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ ပုဒ်မ - ၁၄၄ အမိန့်ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၀

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် လူအချို့က အများပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ပြုမူဆောင်ရွက်နေကြောင်းတွေ့ရှိရသည့်အတွက် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၁၄၄ အမိန့်ကို ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

စစ်တွေမြို့

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်း

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်

ပြစ်မှုဆိုင်ရာအထွေထွေအမှုအမှတ် ၁/၂၀၁၂

၁။ ယခုအခါ စစ်တွေမြို့နယ် နယ်နိမိတ်အတွင်း လူအချို့သည် အများပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ပြုမူဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းသည် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် စစ်တွေမြို့နယ်တွင်း စုဝေးခြင်း၊ ဟောပြောခြင်း၊ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ဆူပူဖျက်ဆီးခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်လိုက်သည်။

၃။ ထို့အပြင် လူ(၅)ဦး (သို့မဟုတ်) (၅)ဦးထက်ပိုသောသူများသည် စစ်တွေမြို့နယ်အတွင်း လမ်းမကြီးများ၊ အများပြည်သူသွားရာလမ်း၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ်(သို့မဟုတ်) အများပြည်သူနှင့်ဆိုင်သောနေရာများတွင် စုဝေးခြင်းမပြုရန်နှင့် (၁၈း၀၀) နာရီချိန်မှ (၀၆း၀၀) နာရီချိန်အတွင်း ညမထွက်ရန်အမိန့်ကို ထုတ်ဆင့်လိုက်သည်။

၄။ ဤအမိန့်သည် နောက်ထပ်အမိန့်တစ်စုံတစ်ရာ မရမချင်း အတည်ဖြစ်စေရမည်။

၅။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ဆင့်လိုက်သည်။

ရုံးတံဆိပ် **မြို့နယ်အုပ်ချုပ်ရေးမှူး**

အလားတူ သံတွဲ၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များ၌လည်း ပုဒ်မ-၁၄၄ ညမထွက်ရအမိန့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွား၊ အခြေအနေများကို အချိန်မီထိန်းသိမ်းပြီး ဒေသရပ်ရွာတည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် ပုဒ်မ - ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ယမန်နေ့နံနက်ပိုင်းမှစတင်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိပြီး အကြမ်းဖက်သူများက ရပ်ကွက်အလိုက် လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ လူစုလူဝေးဖြင့် တုတ်၊ ဓားများကိုင်ဆောင်၍ ရန်ပြုရန် ကြိုးပမ်းခြင်းများကြောင့် နယ်မြေခံရဲတပ်ရင်းများ၊ ရဲတပ်ဖွဲ့ဝင်များက ဆူပူမှုများအား ခြောက်လှန့်ဖြိုခွဲ၍ အခြေအနေကို ထိန်းသိမ်းခြင်း၊ မီးရှို့ရန် ကြိုးပမ်းမှုများကို တားဆီးခြင်း၊ ရှို့မီးများကို ငြိမ်းသတ်ခြင်း၊ တစ်ဖက်နှင့် တစ်ဖက်ရန်ပြုသတ်ဖြတ်ခြင်းများ မဖြစ်ပွားရလေအောင် တားဆီးခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆူပူအကြမ်းဖက်မှုများ၊ ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားနေသည့်အတွက် စစ်တွေမြို့နယ်၌ ပုဒ်မ-၁၄၄ ထုတ်ပြန်၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယမန်နေ့နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် မင်းဂံရပ်ကွက် (၅/၆)၌ လူစုလူဝေးအဖွဲ့တစ်ဖွဲ့က လူငယ်တစ်ဦး၏ ဆိုင်ကယ်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့နောက် မွန်းလွဲပိုင်းတွင် မင်းဂံရပ်ကွက်(၁၅)၌ ဥယျာဉ်သာရွာမှရောက်ရှိလာသော လူအုပ်စုနှင့် ဒေသခံများ၊ တစ်ဖက်နှင့် တစ်ဖက်ရန်စောင်ပြီး လေးခွများဖြင့် ပစ်ခတ်သဖြင့် တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းနောက် ညနေပိုင်းနှင့် ညပိုင်းတို့တွင် ဘုမေရွာ၊ မင်းဂံရပ်ကွက်တို့၌လည်း လူစုလူဝေးဖြင့် နှစ်ဖက်အဖွဲ့များ ရန်စောင်ခြင်း၊ အိမ်များ၊ အဆောက်အအုံများအား မီးရှို့ရန် ကြိုးပမ်းခြင်း စသည်တို့ကြောင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီထိန်းသိမ်းကာကွယ် တားဆီးခဲ့ရကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ဘုမေရွာ၊ မင်းဂံရပ်ကွက်(၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅)နှင့် ဒူးဝါးမြောင်ရွာတို့၌ လူနေရပ်ကွက်များအား မီးရှို့ရန်ကြိုးပမ်းခြင်း၊ နှစ်ဖက်အဖွဲ့များ ရန်စောင်ခြင်းစသည်တို့ ဆက်လက်ဖြစ်ပွားသဖြင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းကာကွယ်တားဆီးခဲ့ရကြောင်း၊ ဆူပူအကြမ်းဖက်မှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့် တစ်ဖက် ပြဿနာဆက်လက် မကြီးထွားလာစေရေးနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

ရခိုင်ပြည်နယ် မောင်တောမြို့နှင့် ရမ်းဗြဲမြို့တို့တွင် နယ်မြေခံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတာဝန်ရှိသူများက ဆူပူအကြမ်းဖက်မှုများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

ရခိုင်ပြည်နယ် မောင်တောမြို့၌ ပုဒ်မ - ၁၄၄ ထုတ်ပြန်၍ ဒေသရပ်ရွာ တည်ငြိမ်အေးချမ်းမှုရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ရန် ကြိုးပမ်းမှုများအား နယ်မြေခံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းကာကွယ် ဆောင်ရွက်ပေးလျက်ရှိသည်။

ဇွန် ၉ ရက် နံနက် ၃ နာရီတွင် ဆူပူအကြမ်းဖက်သူများက မောင်တောမြို့ ရပ်ကွက်(၄)အား ဝိုင်း၍ မီးရှို့ဖျက်ဆီးရန် ကြိုးပမ်းခြင်း၊ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဝေသာလီရွာအား ဖျက်ဆီးရန်ဝိုင်းဝန်းခြင်းတို့ကို လုပ်ဆောင်လာခဲ့ရာ နယ်မြေခံရဲတပ်ဖွဲ့နှင့်လုံခြုံရေးတာဝန်ရှိသူများက အချိန်မီထိန်းသိမ်းဟန့်တားနိုင်ခဲ့ကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**